ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (18-9-2008) (၅၀၁၁)

# လမ်းများကို အနည်းငယ်ပျက်သည်နှင့် ပြုပြင်သွားရန်လို မည်သည့်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည်ဖြစ်စေ နိုင်ငံတော်အကျိုးကို ရှေးရှုဆောင်ရွက်သွားရန် အရေးကြီး

နေပြည်တော် စက်တင်ဘာ ၁၇

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာ ဖွံ့ဖြိုးတိုးတက်လာမှုများကိုလည်းကောင်း၊ ဖျာပုံ-ဘိုကလေး ကားလမ်း ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများ အား မှာကြားသည်။**

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

## ကြည့်ရှုစစ်ဆေး

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဖျာပုံ-ဘိုကလေး ကားလမ်း ပြင်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# အောင်မြင်စွာ ဖွင့်လှစ်ထုတ်လုပ်နေပြီဖြစ်သည့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံ

**ဆေးသိပ္ပံပညာရှင်များ ဆေးသုတေသနပြုကြရာတွင် သုတေသနတွေ့ရှိချက် ရလဒ်များနှင့်သာ တင်းတိမ်မနေဘဲ နောက်ဆုံးအသုံးပြုသူများအထိ အသုံးတည့်လာအောင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်မည့် သုတေသနမျိုးကို ပိုမိုအရေးပေးလာကြသည်။ ထို့ကြောင့် သုတေသနပြုကြပြီးနောက် ရရှိလာသည့် သုတေသနအသီးအပွင့်များ စဉ်ဆက်မပြတ် တည်တံ့ဖြစ်ထွန်းစေရေးသည် အရေးကြီးသည့် လုပ်ငန်းဖြစ်လာသည်။**

ယင်းကဲ့သို့သော သုတေသနမျိုးကို ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)က ဆောင်ရွက်ခဲ့ဖူးသည်။ ထိုလုပ်ငန်းဆောင်ရွက်ချက်များကို ထုတ်နုတ်လေ့လာပြီး ပြည်သူများ ကျန်းမာရေး ဗဟုသုတ တိုးပွားစေရန်အတွက် တင်ပြလိုက်ပါသည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖**

## သတင်းဆောင်းပါး

## ဆေးသုတေသီတစ်ဦး

**လှည်းကူးမြို့နယ် အမှတ်(၇) လမ်းမကြီးနှင့် ခရေပင်လမ်းခွဲရှိ အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို တွေ့ရစဉ်။**

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၈-၉-၂၀၀၈
(ကြာသပတေးနေ့)

# အကြမ်းဖက်အဖျက်သမားများအား သတိပြုကြည့်ရှု ဖောက်ခွဲမှုများ မပြုလုပ်နိုင်ရေး ဝိုင်းဝန်းဖော်ထုတ်

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိရာ ပြည်သူအားလုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ရရှိခံစားနေကြပြီဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် နိုင်ငံတော်ကို ဆန့်ကျင်နေသည့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းများက နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဖောက်ခွဲဖျက်ဆီးရေးအပါအဝင် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာလျက်ရှိသည်။ KNU၊ ABSDF နှင့် စွမ်းအားမြှင့်ကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW) အဖွဲ့တို့ ပူးပေါင်းအစီအစဉ်ဖြင့် ဖောက်ခွဲဖျက်ဆီးရေးသမားအချို့ ပြည်တွင်းသို့ စေလွှတ်လိုက်ကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာက အသေးစိတ်စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

စက်တင်ဘာ ၁၁ ရက် ညပိုင်းက ပဲခူးတိုင်း၊ ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်ရှိ ဗီဒီယိုရုံတစ်ရုံ၌ မိုင်းနှစ်လုံးပေါက်ကွဲခဲ့ရာ ဒေသခံပြည်သူနှစ်ဦးသေဆုံးရပြီး ကိုးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါမိုင်းထောင်ဖောက်ခွဲမှုကျူးလွန်သူအား ပြည်သူများ၏ အသိပေးကူညီမှုဖြင့် ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ယင်းသို့ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများမှာ ရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြသည့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများသာဖြစ်ရာ အဆိုပါ အကြမ်းဖက် အဖျက်လုပ်ရပ်မျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းဖော်ထုတ်တားဆီးကြရမည်ဖြစ်သည်။

အထူးသဖြင့် အများပြည်သူတို့နေထိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်းရောင်းဝယ်ဖောက်ကား အသက်မွေးဝမ်းကျောင်းပြုရာနေရာများနှင့် လူအများ သွားလာလှုပ်ရှားရာ နယ်မြေ အဝန်းအဝိုင်းအတွင်း အဖျက်သမားများက အသွင်အမျိုးမျိုးဖြင့် ဝင်ရောက်ရောနှောနေထိုင်၍ အဖျက်လုပ်ရပ်များ မလုပ်ဆောင်နိုင်စေရေး သတိပြုစောင့်ကြပ် ကြည့်ရှုဖော်ထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးနှောင့်ယှက်ရုံသာမက တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကိုပါ ခြိမ်းခြောက်ကျူးလွန်နေကြသည့် အကြမ်းဖက်အဖျက်သမားများအား ပြည်သူအားလုံးက မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

**ရန်ကုန်တိုင်းရဲတပ်ဖွဲ့၏ ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့၏ ၂၀၀၈ ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တို့၏ မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

**ရုပ်သိမ်း**

ဆက်လက်၍ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ နိုင်ငံဖြတ်ကျော်တာဝန်ခံအရာရှိ မှူးယစ်(အထူး) တာဝန်ခံအရာရှိများ၊ ခရိုင် ရဲတပ်ဖွဲ့မှူးများနှင့် ယာဉ်ထိန်း/ ကြိုးမဲ့ တပ်ဖွဲ့မှူးတို့က လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

# မိဘမဲ့ကလေးများအတွက် အဝတ်အထည်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

မုန်တိုင်းသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိကြရာ ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမသို့ အလှူရှင်များဖြစ်ကြသော Rotary Club of Rotary International District 2770, Japan မှ Mr. Michizoh Sumiuchi, Mr.Takashi Yamamoto, Mr. Kazuharu Tanaka နှင့် ဦးသန့်ဇင် (Yamanaka Eng.Co.,Ltd)တို့က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မိဘမဲ့ကလေးများအတွက် ငွေကျပ်သိန်း ၈၀တန်ဖိုးရှိအဝတ်အထည်များကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများထံပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်ထံ အလှူရှင်များဖြစ်ကြသော Rotary Club of Rotary International District 2770, Japan မှ Mr. Michizoh Sumiuchi, Mr. Takashi Yamamoto, Mr.Kazuharu Tanaka နှင့် ဦးသန့်ဇင် (Yamanaka Eng. Co.,Ltd) တို့က လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မိဘမဲ့ကလေးများအတွက် ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ အဝတ်အထည်များကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# နယ်လှည့်စာကြည့်တိုက်ဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၇**

လသာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၁၂ရက်က လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာကြီးဦးစိုးမြင့်တို့က နယ်လှည့်စာကြည့်တိုက်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုက လက်ဆောင်နဝရတ်ခေါင်းစဉ်ဖြင့်ဟောပြောသည်။

**(အပေါ်ပုံ)** (မြို့နယ်ပြန်/ဆက်)

# လှိုင်သာယာမြို့နယ် ညောင်ရွာ အမှတ်(၂) အလကသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ညောင်ရွာအမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းသို့ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းငွေတို့က အမှာစကားပြောကြားကြပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးညီညီက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ငွေကျပ်သိန်း၄၀တန်ဖိုးရှိ ကျောင်းသုံး ပရိဘောဂများနှင့် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀ လှူဒါန်းသော အလှူရှင်များ ဖြစ်ကြသည့် ဦးညီညီ (SST-Service Yangon)၊ ဦးကျော်ဝင်းနှင့် ဒေါ်ဟေမာဝင်း (JMCC-Tokyo)တို့အား မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ အလှူရှင်များ ဖြစ်ကြသော ဒေါ်မမွေးနှင့် ဒေါ်ချယ်ရီ (ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်)တို့ကကျောင်းအားကစားကွင်းနှင့် ရေတိုင်ကီ၊ ရေလောင်းအိမ်သာများပြုပြင်ရန် ငွေကျပ်သိန်း ၇၀ကျော်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးမြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းငွေတို့ထံ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးအာဒိမောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

**မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် စက်မှုဇုန်များမှ ကော်မတီဝင်များ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၅ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှု လက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဗိုလ်ချုပ်ကျော်စွာခိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရ ဦးသောင်းလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဗိုလ်ချုပ် ကျော်စွာခိုင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးဇော်မင်းဝင်းတို့က စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ရပ်နားသည်။

စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစည်းအဝေး၏ ဒုတိယနေ့ အစီအစဉ်ကို ယမန်နေ့ နံနက် ၉နာရီတွင်ဆက်လက်ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသန်းအေးက စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှဗိုလ်မှူးကြီးဉာဏ်ထွန်းဦးက မြန်မာနိုင်ငံရှိ စက်မှုဇုန်များမှ ထုတ်လုပ်သည့် သံချောင်းများ အရည်အသွေးတိုးတက်မြင့်မားရေးဆိုင်ရာကိုလည်းကောင်း၊ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ထိန်လင်းက AFTA အကောင်အထည်ဖော်မှု အစီအစဉ်နှင့် မြန်မာနိုင်ငံအသေးစားနှင့် အလတ်စားလုပ်ငန်းများမြင့်တင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် ဦးမြင့်ဝင်းက စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်စက်ရုံများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို လည်းကောင်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်စိုးက စက်မှုထုတ်ကုန်တိုးမြှင့်တင်ပို့ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဒေါက်တာသက်မျိုးက မလေးရှားနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအကြောင်းကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍စက်မှုဇုန်များမှ တာဝန်ရှိသူများက စက်မှုဇုန်အလိုက် ဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများကဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညနေပိုင်းတွင် ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့်စက်မှုဇုန်များမှ ကော်မတီဝင်များ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**

**✻ ကျောဖုံးမှ**

စက်တင်ဘာ ၂၆ရက် သို့မဟုတ် ၂၇ ရက်တွင် ပြုလုပ်မည့် အာကာသတွင်း လမ်းလျှောက်မည့် အစီအစဉ်ကို ရှင်ကျိုး(၇) အာကာသယာဉ်၌ တပ်ဆင်ထားသော ကင်မရာများမှ ရိုက်ကူးကာ ရုပ်မြင်သံကြား တိုက်ရိုက် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ အင်တာနက်

**ဇီဝမျိုးစုံ**
**မျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် သင်းလုံးကျွတ်အစည်းအဝေးများသို့ တက်ရောက်မှာကြား

နေပြည်တော် စက်တင်ဘာ ၁၇

**မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၉ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်၍ အသင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ရန်ပုံငွေကျပ် ငါးသိန်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် ရန်ပုံငွေကျပ် တစ်သိန်းစီနှင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် နွားထိုးကြီးမြို့နယ် စက်မှုရပ်ကွက် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ခြသေ့်လက် အခြေခံပညာအလယ်တန်းကျောင်းနှင့် ကျောက်တလုံး အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များ၏ ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်ကာ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦးနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ၊ ဆရာမ ၁၁ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ငါန်းဇွန်မြို့နယ်ရှိ ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၀၀တို့ကို ပေးအပ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပသည့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်သည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ဇနီးတို့သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ရန်ပုံငွေကျပ် ငါးသိန်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့အတွက် ရန်ပုံငွေကျပ် တစ်သိန်းစီနှင့် ငါန်းဇွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာသုံးစုံတို့ကို ထောက်ပံ့ပေးအပ်သည်။ မွန်းလွဲပိုင်းတွင် ငါန်းမြာကြီး အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်၍ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထို့နောက် ငါန်းမြာကြီးတိုက်နယ်ဆေးရုံသို့သွားရောက်၍ ဆေးရုံဝန်ထမ်းများနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့အား ထောက်ပံ့ငွေများ ပေးအပ်ပြီး ဆေးရုံတက် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် နတ်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် သားကျင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များသို့သွားရောက်၍ ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်ပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ငါန်းဇွန်မြို့နယ်ဆေးရုံ၌ ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံတက် လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် ဂျိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် မြို့သာ အခြေခံပညာအထက်တန်းကျောင်းများ၏ ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်၍ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် ငါန်းဇွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

**အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် ရေဘေးဒုက္ခသည်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်ရဟတ်ယာဉ်များကို ပါကစ္စတန်က ပြန်လည်နှင်ထုတ်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၆**

ပါကစ္စတန်အစိုးရတပ်ဖွဲ့များသည် တနင်္လာနေ့စောစောပိုင်းက နယ်စပ်ကို ဖြတ်ကျော်၍ ပါကစ္စတန် နယ်မြေအတွင်းသို့ ဝင်ရောက်လာသော အမေရိကန်စစ်ဘက်ရဟတ်ယာဉ်များကို အာဖဂန်နစ္စတန်နယ်မြေဘက်သို့ ပြန်လည်နှင်ထုတ်ခဲ့ကြောင်း ပါကစ္စတန် လုံခြုံရေးတာဝန်ရှိသူများကပြောကြားသည်။

အဆိုပါအဖြစ်အပျက်သည် လွန်ခဲ့သည့်လက အယ်လ်ခိုင်ဒါနှင့် တာလီဘန်သူပုန်တို့၏စခန်းများဟု သံသယရှိသောဒေသများကို အမေရိကန်ကွန်မန်ဒိုများက ရဟတ်ယာဉ်များဖြင့် ကျူးကျော်ဝင်ရောက်ခဲ့သော မျိုးနွယ်စုတို့၏ တောင်ဝါဇီရစ္စတန်ဒေသ အန်ဂေါအက်ဒါ ရွာအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန် ရဟတ်ယာဉ်များသည် အန်ဂေါအက်ဒါရွာအနီး ပါကစ္စတန်ပိုင်နက်အတွင်း မီတာ ၁၀၀ မှ ၁၅၀ အထိဝင်ရောက်လာရာ ပါကစ္စတန်တပ်ဖွဲ့က ဝင်ခွင့်မပြုဘဲ ပစ်ခတ်ခဲ့ရာ ပြန်လည်ထွက်သွားခဲ့ကြသည်ဟု လုံခြုံရေးအရာရှိ တစ်ဦးက ပြောကြားသည်။ အမေရိကန် စစ်လေယာဉ်များကို ကောင်းကင်တွင် တွေ့မြင်ရသည့်အချိန်တွင်အမေရိကန်သံချပ်ကာကားများသည် အာဖဂန်နစ္စတန်နိုင်ငံဘက်ရှိ နယ်စပ်ဆီသို့ ဦးတည်လာနေခြင်းကို တွေ့မြင်ရသည်ဟုအခြားအရာရှိတစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယရေပြင် နယ်နိမိတ်သတ်မှတ်ရေး ဆွေးနွေး

**ဒါကာ စက်တင်ဘာ ၁၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံရေပြင် နယ်နိမိတ်သတ်မှတ်ရေး သုံးရက်ကြာဆွေးနွေးပွဲကို တနင်္လာနေ့က စတင်ကြောင်း ပုဂ္ဂလိကသတင်းဌာန ယူအန်ဘီက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှဆွေးနွေးသည့်အဖွဲ့တွင် ပူးတွဲနိုင်ငံခြားရေးဝန်ကြီး အမ်အေကေမာမွတ်ဦးဆောင်၍ ၁၅ ဦးပါဝင်ပြီး အိန္ဒိယနိုင်ငံဘက်တွင် ရေတပ်ဗိုလ်ချုပ်ကြီး ဘီအာရောင်း ဦးဆောင်သောအဖွဲ့ဝင် ခုနစ်ဦးပါဝင်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနှင့် ရေပြင်နယ်နိမိတ်သတ်မှတ်ရေးအငြင်းပွားမှုကိုဆွေးနွေးဖြေရှင်းပြီးလျှင်ကုလသမဂ္ဂသို့ သတ်မှတ်ထားသောအချိန် ၂၀၁၁ ခုနှစ်တွင် ၎င်း၏ပင်လယ်နယ်နိမိတ်ကို တင်ပြရမည်ဖြစ်သည်။ ကုလသမဂ္ဂပင်လယ်ပြင် ဥပဒေကွန်ဗင်းရှင်းအရ ဘင်္ဂလားဒေ့ရှ်သည် ၂၀၁၁ ခုနှစ်တွင် ပင်လယ်နယ်နိမိတ်သတ်မှတ်ရမည် ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ ပေကျင်းမြို့၌ မသန်စွမ်းသူများ အိုလံပစ်အားကစားပွဲ ကျင်းပလျက်ရှိရာ အားကစားသမားတစ်ဦး မီတာ ၄၀၀ အပြေးပြိုင်ပွဲဝင်နေသည်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကလေးနို့မှုန့်တွင် အမည်းစက်များဖြစ်ပေါ် အဆိပ်အတောက်ဖြစ်သည့်နို့မှုန့်များ ပြန်သိမ်းမည်

**ပေကျင်း စက်တင်ဘာ ၁၇**

ကလေးနို့မှုန့်များတွင် အဆိပ်အတောက်ဖြစ်သည့် အမည်းစက်များ ဖြစ်ပေါ်မှုကြောင့် ကလေးငယ် ၆၂၀၀ ကျော် ဖျားနာသောဝေဒနာ ခံစားရပြီး နို့စို့ကလေးဒါဇင်နှင့်ချီ၍ ကျောက်ကပ်ကို ကြီးမားစွာထိခိုက်သောဝေဒနာ ခံစားရကြောင်း၊ ယင်းနို့မှုန့်သောက်သုံးမှုကြောင့် သေဆုံးရသူ ကလေးသုံးဦးအထိ ဖြစ်လာကြောင်း တရုတ် ကျန်းမာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကျန်းမာရေးဝန်ကြီး ချန်ဟူက ကလေးငယ်များတွင် ရောဂါဖြစ်ပွားသည့် အရေအတွက်တိုးလာသောကြောင့် ဆေးရုံသို့တင်ပို့ရသည့် ကလေးငယ်လူနာများ ပိုမိုများပြားလာသည်ဟု ပြောကြားသည်။ နို့မှုန့်ထုတ်လုပ်သည့် ကုမ္ပဏီ ၂၀ ရာခိုင်နှုန်းသည် နို့ထွက်ပစ္စည်းများအား မဲလ်လာမင်းခေါ် ပလတ်စတစ်တစ်မျိုးနှင့်ထုတ်လုပ်သည်ကို အစိုးရက စမ်းသပ်စစ်ဆေးတွေ့ရှိပြီးနောက် ကုမ္ပဏီများကိုစစ်ဆေးရန် စစ်ဆေးသူ ၅၀၀၀ ကို နိုင်ငံတစ်ဝန်းသို့ စေလွှတ်မည်ဖြစ်ကြောင်း တရုတ် ကုန်ပစ္စည်းအရည်အသွေး စောင့်ကြည့်လေ့လာရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်။

စက်တင်ဘာ ၁၇ ရက်က နိုင်ငံရှိ အကြီးဆုံးနို့မှုန့်ကုမ္ပဏီနှစ်ခုဖြစ်သည့် မန်ဂနီယူနို့မှုန့်ကုမ္ပဏီနှင့် ယီလီစက်မှုလုပ်ငန်းအုပ်စုက ကုမ္ပဏီများအား ကလေးနို့မှုန့်များကို ပြန်လည်သိမ်းဆည်းရန် တွန်းအားပေးခဲ့သည်။

ဂွမ်ဒေါင်းအခြေစိုက် ဟာရှီလီနှင့် ကင်ဒိုအခြေစိုက် ဆန်းကဲယားကုမ္ပဏီတို့က အာဖရိက ငါးနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်၊ ယီမင်၊ ဂါဘွန်နှင့် ဘူရန်ဒီ စသည့်အာရှနိုင်ငံများသို့တင်ပို့သည့် အမည်းစက်ဖြစ်ပေါ်သောနို့မှုန့်များကို ပြန်လည်သိမ်းဆည်းမည်ဖြစ်သည်။ ***အင်တာနက်။***

# လက်ဘနွန်တောင်ပိုင်း ခိုလှုံရေးစခန်း၌ ပဋိပက္ခဖြစ် ပါလက်စတိုင်း သုံးဦးသေဆုံး

**ဘေရွတ် စက်တင်ဘာ ၁၆**

လက်ဘနွန်နိုင်ငံ တောင်ပိုင်း အင်အလ်ဟေးလ်စီဒုက္ခသည် ခိုလှုံရေးစခန်းတွင် စက်တင်ဘာ ၁၅ ရက်က ဖာတာတပ်ဖွဲ့နှင့် ဂျန်ဒ်အလ်ရှမ်စစ်သွေးကြွတို့အကြား ပဋိပက္ခများဖြစ်ခဲ့ရာ ပါလက်စတိုင်းသုံးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း ဒေသခံ အက်စ်ဆောဖာသတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

သေဆုံးသူများတွင် တစ်ဦးမှာ ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်၏ ဖာတာအဖွဲ့ခေါင်းဆောင် ဖြစ်ပြီး ကျန်နှစ်ဦးမှာ ဂျန်ဒ်အလ်ရှမ်အဖွဲ့မှ ဖြစ်သည်။

ထိုခိုလှုံရေးစခန်း အပြင်ဘက် ဒေသခံများနေထိုင်ရာအရပ်ကိုဗုံးကျည်များ ကျရောက်ပေါက်ကွဲခဲ့သော်လည်း ထိခိုက်သေဆုံးမှုမရှိဟု သတင်း၌ ဖော်ပြထားသည်။

ဘာသာရေး အဆောက်အအုံမှ အသံချဲ့စက်ဖြင့် တိုက်ခိုက်ရေးသမားများကို အပစ်အခတ်ရပ်တန့်ရန် ပြောကြားမှုကြောင့် အပစ်အခတ်ရပ်စဲသွားသည်ဟု ဆိုသည်။

အဆိုပါ စခန်း၌ လတ်တလောတွင်ရှိနေသော ပါလက်စတိုင်းများသည် အယ်လ်ခိုင်ဒါပုံစံဖြင့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်နေပြီး ၎င်းတို့သည် ဆွန်နီများနှင့် အယူအဆတူသူများ ဖြစ်သည်ဟု ဆိုသည်။

***အင်တာနက်။***

# မော်ရီတေးနီးယား၌ ချောင်းမြောင်းတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင် ၁၂ ဦးသေဆုံး

**ဒက္ကာ စက်တင်ဘာ ၁၆**

မော်ရီတေးနီးယားနိုင်ငံ နေ့ခ်ချော့ဒေသ မြောက်ဘက်တွင်စက်တင်ဘာ ၁၅ ရက်က သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် မော်ရီတေးနီးယားတပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးကြောင်း သတင်းဌာနများက ဖော်ပြသည်။

တပ်ဖွဲ့ဝင်များသည် မြို့တော်၏ မြောက်ဘက်ဆင်ခြေဖုံး၌ ကင်းလှည့်နေစဉ် သေနတ်သမားများက အလစ်ဝင်ရောက် တိုက်ခိုက်ကြောင်း စစ်ဘက်က ပြောကြားသည်။ သေကျေဒဏ်ရာရရှိမှု အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သတင်းဌာနများက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်(တိုင်ပေ)၌ မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၁ ဦးထိ ဖြစ်လာ

**တရုတ်(တိုင်ပေ) စက်တင်ဘာ ၁၆**

တရုတ်(တိုင်ပေ)တွင်ဆင်လာကူတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် စက်တင်ဘာ ၁၆ရက်၌ ကယ်ဆယ်ရေးအဖွဲ့များ ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း၊ ယင်းမုန်တိုင်းကြောင့် သေဆုံးသူအနည်းဆုံး ၁၁ ဦးထိ ဖြစ်လာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုင်ပေအလယ်ပိုင်းတွင် မိုးရေချိန် ၁၆၀ စင်တီမီတာ(၆၂ လက်မ)ထိ ရွာသွန်းမှုကြောင့် ရေကြီးခြင်းနှင့် ရွှံ့နွံပြိုကျမှုများဖြစ်ပွားပြီး တံတားများ၊ ဟိုတယ်များနှင့် နေအိမ်များပြိုကျကာ ၁၁ ဦးပျောက်ဆုံးနေကြောင်း အမျိုးသားမီးသတ်ဌာနက ပြောကြားသည်။ တိုင်ပေကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းထန်စွာတိုက်ခတ်မှုကြောင့် လေကြောင်းသွားလာမှုနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ကာ အနည်းဆုံး လူ ၂၀ဦး ဒဏ်ရာရရှိသည်။ ကယ်ဆယ်ရေးသမား ရာပေါင်းများစွာက ပျောက်ဆုံးနေသူများကိုရှာဖွေလျက်ရှိပြီး လူ ၂၀၀၀နီးပါးကိုဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ ဆင်လာကူ မုန်တိုင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုသည် တိုင်ပေ ဒေါ်လာ သန်း ၅၀၀ ကျော် ရှိကြောင်း တာဝန်ရှိသူကပြောကြားသည်။ ***အင်တာနက်။***

# အရှေ့တီမော၌ အင်အားပြင်းငလျင်လှုပ်

**ဒီလီ စက်တင်ဘာ ၁၆**

အရှေ့တီမောနိုင်ငံမြို့တော်အရှေ့ဘက်တွင် စက်တင်ဘာ ၁၆ ရက်က အင်အား၆ဒသမ ၁အဆင့်ရှိငလျင်လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့ (ယူအက်စ်ဂျီအက်စ်)က ပြောကြားသည်။

ယင်းငလျင်သည် ဒီလီမြို့တွင်ဖြစ်ပွားခြင်းမရှိကြောင်း၊အိမ်နီးချင်းနိုင်ငံ အင်ဒိုနီးရှား ဘူမိရူပနှင့်မိုးလေဝသဌာနမှ အပျက်အစီးကို ဖော်ပြခြင်းမရှိကြောင်း ပြောကြားသည်။ အဆိုပါငလျင်သည် ဒေသစံတော်ချိန် ည ၈ နာရီ ၁၅မိနစ်က ဒီလီမြို့အရှေ့ဘက်ကီလိုမီတာ ၁၄၀ အကွာရှိပင်လယ်ကို ဗဟိုပြု၍ လှုပ်သွားကြောင်း ယူအက်စ်ဂျီအက်စ်က ထုတ်ပြန်သည်။

***အင်တာနက်။***

**တရုတ်(တိုင်ပေ)တွင်ဆင်လာကူ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေသည်ကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်တွင် တာလီဘန်တို့ ဂြိုဟ်တုဖုန်းများအသုံးပြုမှုကြောင့် ထိုးစစ်ဆင်တိုက်ခိုက်သူများ အခက်ကြုံတွေ့

ကဘူး စက်တင်ဘာ ၁၆

**အာဖဂန်နစ္စတန်စစ်မြေပြင်တွင် ဗြိတိသျှတပ်များအား ရင်ဆိုင်တိုက်ခိုက်ခဲ့သော တာလီဘန်များက ဗြိတိသျှ ထောက်လှမ်းရေးလေယာဉ်များ၏ စက်ကွင်းမှရှောင်တိမ်းနိုင်ရန် ခေတ်မီဂြိုဟ်တုဖုန်းများ အသုံးပြုလျက်ရှိကြောင်း အာဖဂန်အခြေစိုက် လုံခြုံရေးတပ်ဖွဲ့က စက်တင်ဘာ ၁၂ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါနည်း သည် ဗြိတိသျှ လေတပ်ထောက်လှမ်းရေးလေယာဉ်များကို အောင်မြင်စွာ ရှောင်ရှားနိုင်ခဲ့ကြောင်း ဆက်လက် ပြောကြားသည်။**

လက်ရှိအချိန်တွင် အာဖဂန်နစ္စတန်၌ ဗြိတိသျှစစ်သား ၈၀၀၀ ခန့် တပ်စွဲထားပြီး ထိုးစစ်ဆင် တိုက်ခိုက် နေသော်လည်း အဆိုပါစစ်သားများသည် တာလီဘန်များ၏ အရှိန်မြင့် တိုက်ခိုက်မှုကို နေ့စဉ်လိုလို ခံနေရကြောင်း၊ တာလီဘန်များကြားတွင် အဆိုပါနည်းစနစ်မှာ ခေတ်စားလာပြီး အမေရိကန်နှင့် ဗြိတိန် စစ်ဘက်ဆိုင်ရာနည်းပညာပိုင်းတွင် အကျပ်အတည်း ကြုံတွေ့လာစေကြောင်း တာလီဘန်တို့က ထုတ်ဖော်ပြောကြားသည်။ ***အင်တာနက်။***

**အာဖဂန်နစ္စတန်နိုင်ငံ ဟာရတ်ပြည်နယ် ရှန်ဒန့်ခရိုင်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိလာသော လူငယ်တစ်ဦးကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးဖြင့် တိုက်ခိုက် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့ဝင်လေးဦး သေဆုံး

ကဘူး စက်တင်ဘာ ၁၇

**အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် စက်တင်ဘာ ၁၇ ရက်က လမ်းဘေး ဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်လူမျိုးတစ်ဦးနှင့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

စစ်ဘက်က သေဆုံးသူများမှာ မည်သည့်နိုင်ငံသားဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် နိုင်ငံစုံတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားတပ်ဖွဲ့အများစုမှာ အမေရိကန်တပ်ဖွဲ့များ ဖြစ်ကြသည်ဟု သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အယ်လ်ခိုင်ဒါထောက်ခံသော တာလီဘန် စစ်သွေးကြွများက အသေခံဗုံးနှင့် လမ်းဘေးဗုံးများဖြင့် တိုက်ခိုက်မှုကြောင့် ယခုနှစ်အတွင်း နိုင်ငံခြား တပ်ဖွဲ့ဝင် ၁၆၀ ခန့် သေဆုံးခဲ့ရပြီ ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူး မြို့မြောက်ပိုင်းရှိ စစ်ဆေးရေးဂိတ် တွင်တပ်ဖွဲ့ဝင်အချို့ စစ်ဆေးနေ သည်ကို စက်တင်ဘာ ၁၆ ရက် က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## မက္ကဆီကိုတွင် အပူပိုင်းမုန်တိုင်းတိုက်ခတ် လူပေါင်း ၂၆၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရ

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၇**

မက္ကဆီကိုနိုင်ငံရှိ ပြည်နယ်သုံးခုခန့်တွင် အပူပိုင်း လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်သည့်အတွက် မုန်တိုင်းကျရောက်ခဲ့ရာ လူပေါင်း ၂၆၅၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့ရသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းကြောင့် မိုးများရွာသွန်းခဲ့ရာ မြစ်ရေများ လျှံသွားကြောင်း၊ ထိုမုန်တိုင်းတိုက်ခတ်ရာ ပြည်နယ်များမှာ မီချိုရာကန်၊ ဆိုနိုရာနှင့် ဆီနာလိုရာတို့ဖြစ်ကြောင်း အာဏာပိုင်များက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

မီချိုရာကန်ပြည်နယ် အနောက်အလယ်ပိုင်း ဟူအန်ဒါကာရီရိုတွင် စက်တင်ဘာ ၁၃ ရက်ည၌ မုန်တိုင်းကြောင့် မိုးသည်းထန်၍ မြစ်ရေလျှံသွားခဲ့ရာ လူပေါင်း ၁၅၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းပြည်နယ်၏ ခရိုင်ငါးခုခန့်တွင် ရေကြီးမှုဖြစ်ပွားခဲ့ရာ သုံးပေထိမြင့်တက်ခဲ့ပြီးအိမ်ခြေပေါင်း ၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုဒေသတွင်းရှိ နေထိုင်သူများအား ၎င်းတို့၏ဆွေမျိုးများရှိရာနှင့် ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း မြို့တော်ဝန် ဂျိုးရီဖူဂျီအိုမန်ရီကွီက ပြောကြားသည်။

ဆိုနိုရာပြည်နယ်တွင် လူပေါင်း ၂၀၀၀၀ ခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ရပြီး ပြည်နယ်အုပ်ချုပ်ရေးမှူး အီဒူအာဒိုဘိုရပ်စ်က ပျက်စီးသွားသည့် အိမ်များ၊ အဝေးပြေးလမ်းများနှင့် လူသွားလမ်းများ ပြန်လည်ပြင်ဆင်တည်ဆောက်ရန်အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေ တောင်းဆိုခဲ့ကြောင်း သိရှိရသည်။

၎င်းမုန်တိုင်းကြောင့် အထိအခိုက် အများဆုံးမြို့များမှာနာဗိုဂျိုရာ၊ ဘီနီတိုဂျူအာရာဇ်၊ ဟူတာဘန်ပိုနှင့် အက်ချိုဂိုအာတို့ဖြစ်ကြောင်း ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ဘဂ္ဂဒက်တွင် ဗုံးကွဲမှုများဖြစ်ပွား အနည်းဆုံး ရှစ်ဦးသေ၍ ၂၀ ဒဏ်ရာရ

**ဘဂ္ဂဒက် စက်တင်ဘာ ၁၇**

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၏ အခြေအနေကို အထိုက်အလျောက် လျှော့ချနိုင်သည်ဟု ဆိုသော်လည်း အခြေအနေသည် ခိုင်မာမှု မရှိသေးဘဲ အချိန်မရွေး ပြောင်းလဲသွားနိုင်သော အလားအလာရှိသည်ဟု ကျွမ်းကျင်သူများက ရှုမြင်သည်။

ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ စီးပွားရေးရပ်ကွက်တွင် ဗုံးနှစ်လုံးပေါက်ကွဲမှု ဖြစ်ပွားရာ ရှစ်ဦးထက်မနည်း သေဆုံးပြီး ၂၀ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းကဖော်ပြသည်။

ပထမပေါက်ကွဲသွားသော ဗုံးမှာ ကားဗုံးဖြစ်ကြောင်း သိရသော်လည်း နှစ်မိနစ်ခန့်အချိန်ခြားပြီးနောက် ဒုတိယပေါက်ကွဲသောဗုံးမှာ ကားဗုံး သို့မဟုတ် လမ်းဘေးထောင်ဗုံး ဖြစ်နိုင်သည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့လယ်ကောင်လမ်းဆုံနေရာ၌လည်း အခြားဗုံးတစ်လုံးပေါက်ကွဲသွားရာ အနည်းဆုံးနှစ်ဦး အသက်ဆုံးရှုံးသွားသည်။ အီရတ်တွင် လုံခြုံရေး ကောင်းလာသည်ဟု ထင်မှတ်ရသော်လည်း ခုခံတွန်းလှန်ရေးသမားများသည် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များကို အချိန်နေရာမရွေး တိုက်ခိုက်နိုင်သော အခြေအနေရှိသည်ကို သတိရှိကြရန် အမေရိကန်စစ်ဘက်က သတိပေးထား သည်။ ***အင်တာနက်။***

**အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူး အပြင်ဘက်တွင် ဗုံးခွဲတိုက်ခိုက်ခံရ၍ ပျက်စီးသွားသော ကုလသမဂ္ဂ ယာဉ်တန်းမှ ကားတစ်စီးကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အမေရိကန်တပ်ဖွဲ့ ဝင်ရောက်စီးနင်းတိုက်ခိုက်လျှင် ပြန်လည်ပစ်ခတ်ရန် ပါကစ္စတန်က အမိန့်ထုတ်ထား

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၇**

အာဖဂန်နယ်စပ်တစ်လျှောက်တွင် မြေပြင်သို့မဟုတ်ဝေဟင်မှအမေရိကန်တပ်ဖွဲ့များက စတင်တိုက်ခိုက်လာလျှင် ပြန်လည်ပစ်ခတ်ရန်ပါကစ္စတန်တပ်ဖွဲ့အား အမိန့်ထုတ်ပြီးဖြစ်သည်ဟု ပါကစ္စတန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

အမေရိကန် ကွန်မန်ဒိုတပ်များ စက်တင်ဘာ ၃ ရက်က ပါကစ္စတန်နယ်စပ်အတွင်းဝင်၍ ဆင်နွှဲခဲ့သော မြေပြင်တိုက်ပွဲကြောင့် အထက်ပါအမိန့်ကို ထုတ်ပြန်ရန် အကြောင်းဖြစ်ပေါ်လာခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းအမိန့်မျိုး ထုတ်ပြန်လိုက်ရခြင်းသည် အမေရိကန်နှင့် မဟာမိတ်ပါကစ္စတန်တို့အကြား တင်းမာမှုပြင်းထန်လာသည်ကို ပြသလျက်ရှိသည်။

ဝါဇီရစ္စတန်တောင်ပိုင်း လူမျိုးစုနေထိုင်ရာဒေသရှိ စစ်သွေးကြွများ၏ အမာခံနယ်မြေသို့ အမေရိကန် ရဟတ်ယာဉ်များဖြင့်တပ်ဖွဲ့ဝင်များကို လေကြောင်းမှ ပို့ဆောင်ပေးခဲ့ပြီး စစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အာသာအဘတ်စ်ကပြောကြားသည်။ အလားတူ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုမျိုးကို ကြုံတင်ကာကွယ်ရန် တပ်မှူးများကို ပါကစ္စတန်စစ်ဘက်က မှာကြားထား သည်။ ***အင်တာနက်။***

## တောင်အမေရိကဒေသခေါင်းဆောင်များ ဘိုလီးဗီးယားသမ္မတကို ထောက်ခံ

**စင်တီယာဂို စက်တင်ဘာ ၁၇**

ဘိုလီးဗီးယားနိုင်ငံအရှေ့ပိုင်းပြည်နယ်များတွင် နိုင်ငံ၏သမ္မတအီဗိုမော်ရေးကို ဆန့်ကျင်သောသူပုန်များကြောင့် နိုင်ငံမှာ မငြိမ်မသက်ဖြစ်လျက်ရှိသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ တောင်အမေရိကဒေသမှ နိုင်ငံအကြီးအကဲများသည် ဘိုလီးဗီးယားသမ္မတ မော်ရေးဘက်မှ အခိုင်အမာရပ်တည်ကြသည်။

တောင်အမေရိကဒေသကိုးနိုင်ငံမှ သမ္မတများသည် ချီလီနိုင်ငံမြို့တော်တွင် ခြောက်နာရီကြာ တွေ့ဆုံဆွေးနွေးပြီးနောက် မော်ရေးအား ဖြုတ်ချရန် ကြိုးပမ်းမှုကို ရှုတ်ချကြသည်။ ထို့အပြင် မော်ရေးအား ထောက်ခံသူများကို အစုလိုက်သတ်ဖြတ်သွားသည့်အဖြစ်ကိုလည်း စုံစမ်းဖော်ထုတ်ရန် တောင်းဆိုခဲ့ကြသည်။

ဘိုလီးဗီးယားတွင် ပြီးခဲ့သောသီတင်းပတ်အတွင်းက ဖြစ်ပွားခဲ့သည့် ဆူပူမှုတွင် မော်ရေးအားထောက်ခံသူအနည်းဆုံး ၁၆ဦး သေဆုံးခဲ့ရသည်။ မော်ရေးက လူနီအင်ဒီးယန်းများအား နိုင်ငံရေးအာဏာပိုပေးရန်နှင့် လယ်ယာမြေဝေခြမ်းရေးလုပ်မည့် အစီအစဉ်ကို မလိုလားကြောင်းပြသရာမှ ဆူပူမှုဖြစ်ပွားလာခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# လုပ်သင့်တာလုပ်မှ ဖြစ်သင့်တာဖြစ်မှာ

## ကိုသာယာ

မိမိတို့နိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေမှာ နိုင်ငံနှင့်ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာကူးပြောင်းနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီး ထိုက်သင့်သည့်ခရီးတစ်ခုကို ခိုင်ခိုင်မာမာရောက်နေပြီ ဖြစ်ပါတယ်။ လက်ရှိအစိုးရသည် အရွေးချယ်ခံအစိုးရမဟုတ်သည်မှာ မှန်သော်လည်း မိမိတို့နိုင်ငံနှင့်လူမျိုးအကွဲကွဲ အပြားပြား ပျက်စီးပြိုကွဲပြီး တိုင်းတစ်ပါးလက်အောက်ကိုကျွန်အဖြစ် ပြန်လည်ရောက်လုနီးနီး အနေအထားကနေ ကယ်တင်နိုင်ဖို့ နိုင်ငံတော်နဲ့ အမျိုးသားရေးလိုအပ်ချက်အရ မလွှဲမရှောင်သာ တာဝန်ယူခဲ့သော တပ်မတော်အစိုးရသာ ဖြစ်ပါတယ်။ တာဝန်ယူစဉ်ကာလအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု စားဝတ်နေမှု အဆင်ပြေချောမွေ့စေရေးနဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ တစိုက်မတ်မတ် အားထည့်ဆောင်ရွက်ခဲ့သည်မှာ မငြင်းဆန်နိုင်သော အမှန်တရားမဟုတ်ပါလား။

နိုင်ငံတစ်နိုင်ငံအတွက် စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းရေးသည် ဝုန်းကနဲ ဒိုင်းကနဲ ချက်ချင်းပြောင်းပေး၍ ဖြစ်နိုင်ပါသလား။ ကျွန်တော်တို့လုပ်မယ်၊ ကျွန်တော်တို့ကို အာဏာလွှဲပေးလိုက်၊ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီနိုင်ငံ ချက်ချင်းဖြစ်မယ်ဆိုတာမျိုး ဖြစ်နိုင်ပါသလား၊ သဘာဝရောကျရဲ့လား။ ကျွန်တော့်အမြင်ကတော့ အဲဒီလိုလုပ်လိုက်ရုံနဲ့ မြန်မာနိုင်ငံ နေ့ချင်း၊ ညချင်း ဒီမိုကရေစီနိုင်ငံ ဖြစ်လာမယ်လို့ မထင်ပါ။ ဒီမိုကရေစီနိုင်ငံနဲ့ လိုက်လျောညီထွေ ကိုက်ညီမယ့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံတွေနဲ့ စနစ်တကျ တည်ဆောက်ပြီး စနစ်ကို ကျင့်သုံးမယ့် ပြည်သူလူထုကလည်း ကိုက်ညီလိုက်ဖက်မည့် အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်များပြည့်စုံ၊ ဒီစနစ်ကိုထိန်းကျောင်းသွားမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရှိပြီးမှသာ ရေရှည်တည်တံ့ခိုင်မြဲပြီး အေးချမ်းသာယာတဲ့ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရသည် သူတာဝန်ယူနေသည့်ကာလအတွင်း ၎င်းအခြေခံတွေကို ခိုင်မာအောင်လုပ်ပေးခဲ့ရာ ယခုအခါ ပြည့်စုံပြီဟု မဆိုနိုင်သော်လည်း လုံလောက်သည့်အဆင့်ကို ရောက်နေသည်မှာ အားလုံးမျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ ဒါကြောင့်လည်း **ဒီမိုကရေစီနိုင်ငံကို ကူးပြောင်းဖို့ အဆင့်(၇)ဆင့် ချမှတ်ဆောင်ရွက်ခဲ့တာ ယခုဆိုလျှင် အဆင့်(၄)ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးနီးပါး၊ ရာနှုန်းပြည့်နီးပါးက ထောက်ခံအတည်ပြုနိုင်ခဲ့ပါပြီ၊ တစ်နည်းပြောရရင် ပြည်သူလူထုတစ်ရပ်လုံးက ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဒီမိုကရေစီကို သွားမယ်လို့ ဆန္ဒရှိကြောင်း၊ သဘောတူကြောင်း၊ ကျေနပ်လက်ခံကြောင်းပြသခဲ့ပြီး ဖြစ်ပါတယ်။**

ဒါကို မကျေနပ်၊ မထောက်ခံသူ အနည်းစုတော့ ရှိခဲ့တာပေါ့။ ဒါကလည်း သူတို့ဘဝ သူတို့အခြေအနေကြောင့်ပါ။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိတာပါပဲလေ။ ဒီအပေါ်မှာတော့ မပြောလိုပါဘူး။ သို့သော်လည်း အခု အခြေအနေက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေတွေနဲ့ စနစ်တကျ ခိုင်ခိုင်မာမာလုပ်ခဲ့တာပါ။ လက်တမ်းထိုး ပြီးပြီးရောလက်ညှိုးထောင် ခေါင်းညိတ်လုပ်ခဲ့တာ မဟုတ်ပါဘူး။ ဆိုလိုတာကတော့ ပြည်သူလူထုတစ်ရပ်လုံးက ဥပဒေနဲ့အညီ ပါဝင်ဆန္ဒပေးပြီးမှ အတည်ပြုခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ။ ဒါကို စောစောကပြောခဲ့တဲ့ အနည်းစု မပြောပလောက်တဲ့ အင်အားက မကြိုက်ဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ လက်ခံနိုင်ပါတယ်။ ဒါပေမယ့် အသိအမှတ်မပြုဘူး။ အတည်မပြုဘူး ဆိုတဲ့စကား မပြောစေချင်ပါ။ **အများဆန္ဒနဲ့ ၊ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ အတည်ပြုပြီးသား ဥပဒေကို မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော၊ မြန်မာနိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားကြသော မြန်မာနိုင်ငံသားတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက လက်ခံရမှာပဲ ဖြစ်ပါတယ်။ အများဆန္ဒကို လေးစားလိုက်နာဆောင်ရွက်ရမှာပေါ့။ နိုင်ငံတော်က အများဆန္ဒနဲ့အညီ အတည်ပြုပြီးသားဥပဒေကို ပြည်တွင်းမှာနေထိုင်သော တစ်စုံတစ်ယောက်၊ တစ်ဦးတစ်ဖွဲ့က အသိအမှတ်မပြုဘူး၊ အတည်မပြုဘူးဆိုရင် ၎င်းပုဂ္ဂိုလ်၊ ၎င်းအဖွဲ့အစည်းသည် ဘာဖြစ်သွားပြီလဲ၊ ဘာဖြစ်နိုင်သလဲ၊ စဉ်းစားပြောဆိုလုပ်ကိုင်သင့်ပါတယ်။**

**ဒီဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိအခြေအနေ၊ အတိတ်သမိုင်းများနဲ့ အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်မယ့် အနေအထားအားလုံးကို ခြုံငုံပြီး အသင့်တော်ဆုံး၊ အကိုက်ညီဆုံးနဲ့ လိုအပ်တာတွေ ပြည့်ပြည့်စုံစုံပါဝင်အောင် ရေးဆွဲထားတဲ့ ဥပဒေပါ။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ဒီမိုကရေစီအခွင့်အရေးတွေ ပြည့်ပြည့်ဝဝရနိုင်ပြီး နိုင်ငံတော် ဒုက္ခမရောက်အောင်၊ ပြိုကွဲပျက်စီးမသွားရအောင် ကာကွယ်သင့်တာတွေ အကာအကွယ်ပေးထားတဲ့ ဥပဒေပါ။ မိမိတို့နိုင်ငံမှာ အတိတ်သမိုင်းတစ်လျှောက် ဘယ်တုန်းကမှ မပေးခဲ့၊ မရခဲ့တဲ့ ဒီမိုကရေစီ အခွင့်အရေးတွေ ပြည့်ပြည့်ဝဝပါနေပါတယ်။** အသေးစိတ်တွေကတော့ ရေးနေလည်းရှည်ရုံပဲရှိမှာပါ။ ဒါကိုသေသေချာချာ လေ့လာဖတ်ရှု၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ ချိန်ထိုးနှိုင်းယှဉ် သုံးသပ်ရင် လက်မခံနိုင်စရာ မပါသလောက် ဖြစ်နေတာတွေ့နိုင်ပါတယ်။ ဒါပေမယ့်လည်း တစ်ဦးတစ်ယောက်ရဲ့အကျိုး၊ အဖွဲ့အစည်းတစ်ခုရဲ့အကျိုး၊ ပါတီတစ်ခုရဲ့ အကျိုးကိုသာမကြည့်ဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ အမျိုးသားအကျိုးစီးပွားဘက်ကတော့ ကြည့်ဖို့လိုတာပေါ့။

ဘာပဲဖြစ်ဖြစ်လေ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံးက အတည်ပြုပြီးဖြစ်လို့ ဒီဥပဒေအတိုင်း လိုက်နာရတော့မှာပါ။ ဒီနေ့ပြည်သူလူထုတစ်ရပ်လုံးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ အတိတ်က မရခဲ့တဲ့ အေးချမ်းသာယာမှုတွေကို ရရှိနေကြပြီး လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်နေနိုင်ကြပြီ၊ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံရေးစီးကြောင်းမှာ လိုက်လျောညီထွေ လိုက်ပါပြီး ဒီမိုကရေစီနိုင်ငံကို အမြန်ရောက်ချင်နေပါပြီ။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းရင်းသား ပြည်သူလူထုရဲ့ လိုလားချက်တွေကို အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၊ ဆောင်ရွက်ပေးဆဲဖြစ်ပြီး ပြည်သူတစ်ရပ်လုံးလိုလားတဲ့ ဒီမိုကရေစီကို အဆင့်(၇)ဆင့်နဲ့အညီ မမှိတ်မသုန် မလွဲမသွေ ဆက်လက် အကောင်အထည်ဖော်သွားမယ်လို့ တာဝန်ယူထားပါတယ်။ ဆက်လက် သွားမယ့်လမ်းခရီးမှာ အရင်ကလို အနှောင့်အယှက်၊ အဖျက်အဆီး၊ အဟန့်အတားတွေ ရှိလာမှာကို ပြည်သူတစ်ရပ်လုံးက လက်မခံနိုင်ကြတော့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလိုသာဆူပူနှောင့်ယှက် ဖျက်ဆီးနေကြရင် ကျွန်တော်တို့လိုချင်တဲ့ ဒီမိုကရေစီက ဝေးနေဦးမှာပဲ ဖြစ်ပါတယ်။ တက်ညီလက်ညီပါဝင်ပူးပေါင်းလျှောက်လှမ်းကြမှ မြန်မြန်ရောက်မှာပါ။ ဒါအများဆန္ဒပါပဲ။ အလားတူပဲ လက်ရှိအစိုးရ ကိုယ်တိုင်ကလည်း ဒီမိုကရေစီနိုင်ငံတော်အဖြစ် မြန်မြန်ရောက်အောင် ပြည်သူလူထုတစ်ရပ်လုံးရဲ့ လိုလားချက်ကို ဖြည့်ဆည်းပေးချင်နေတာတွေ့ရပါတယ်။

အဲဒီတော့ **ပြည်သူလူထုတစ်ရပ်လုံးက လိုလားတဲ့ဆန္ဒ၊ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ရဲ့ လက်ရှိအနေအထားအရ၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေအရ ဘာဆက်လုပ်သင့်သလဲ ဘာဆက်လုပ်ရမလဲဆိုတာ လေးလေးနက်နက် စဉ်းစားသင့်ပါပြီ။ တစ်လျှောက်လုံး အစိုးရလုပ်တာမှန်သမျှ ဆန့်ကျင်မယ်ဆိုတဲ့ အတွေးအခေါ်နဲ့ ဆက်သွားနေမှာလား။ ဒီလိုဆက်သွားနေရင်ကော အကျိုး ရှိမှာလား၊ စဉ်းစားလုပ်ဆောင်သင့်ကြတဲ့ အရေးကြီးတဲ့ အချိန်ကာလကို ရောက်နေပါပြီ။ လမ်းမှန်ကို ရွေးချယ်ရတော့မယ့် လမ်းဆုံလမ်းခွကို ရောက်နေပါပြီ။ ဒီအချိန်မှာ ရွေးချယ်မှုမမှန်ရင် လုပ်သင့်တာ မလုပ်ရင် ဘေးရောက်သွားပါလိမ့်မယ်။**

ဒီနေ့ရှိနေကြတဲ့ ပါတီတွေ၊ အဖွဲ့အစည်းတွေအားလုံးမှာ တချို့ပုဂ္ဂိုလ်များဟာ အထိုက်အလျောက် နိုင်ငံရေးအတွေ့အကြုံတွေ ရှိကြပါတယ်။ အားလုံးတော့ မဟုတ်ဘူးနော်၊ ခါတော်မီတွေလည်း အများကြီးပါနေပါသေးတယ်။ ဒီအတွေ့အကြုံတွေကို မိမိနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးမှာ အကျိုးရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ရင် နိုင်ငံတော်အတွက်ကောင်းမှာပါ။ ကိုယ့်နိုင်ငံအရေး၊ ကိုယ့်ပြည်တွင်းက ပြည်သူလူထုတွေညီညီညွတ်ညွတ်လုပ်ကြရမှာပါ။ ကိုယ့်နိုင်ငံအကြောင်း ကိုယ်ပဲ အသိဆုံးပါ။ ဒါကြောင့် ဆက်လက်ဖော်ဆောင်မယ့် ဒီမိုကရေစီလမ်းကြောင်းမှာ မှန်မှန်ကန်ကန် ပါဝင်ကြစေချင်တယ်။

မလိုက်ပါနိုင်တဲ့သူဟာ ကျန်ရစ်ခဲ့မှာပါပဲ။ အခွင့်အရေးဆုံးရှုံးမှာပဲ။ မလိုက်ပါနိုင်ရုံတင်မကဘဲ ကဖျက်ယဖျက်လုပ်လာရင်တော့ ပြည်သူကလည်း လက်ခံမှာမဟုတ်ဘူး။ နိုင်ငံတော်ကလည်း လက်ခံမှာမဟုတ်ဘူး၊ ရတဲ့အခွင့်အရေးကို လက်လွတ်မခံ ပါဝင်ပြီး လုပ်ဆောင်ရင်းက ပိုကောင်းအောင်လုပ်သင့်တယ်။ ရလာတဲ့အတွေ့အကြုံများအရ ပိုပြီး ပြည့်စုံအောင်လုပ်သင့်တယ်။ ဒါမှ သဘာဝကျမယ်၊ မွေးကာစကလေးက ချက်ချင်းတော့ လမ်းထလျှောက်နိုင်မှာ မဟုတ်ဘူး။ မှောက်လျက်သွား၊ လေးဘက်သွား၊ အစာအာဟာရ မှန်မှန်စားပြီး ကြီးထွားလာပြီး ထိုက်သင့်တဲ့အရွယ်ရောက်ရင် လမ်းလျှောက်လို့ရပြီပေါ့။ ဒီသဘောပါပဲ။

ဘာမှမလုပ်ဘဲ အလုပ်မဖြစ်တာတွေကိုပဲ စဉ်းစားနေရင် ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ အိပ်မက်တွေနဲ့ စိတ်ကူးယဉ်မနေသင့်ကြတော့ပါဘူး။ ကျွန်တော်လည်း ဒီမိုကရေစီနိုင်ငံကို မြန်မြန်လိုချင်တယ်။ ပြည်သူလူထုကလည်း မြန်မြန်ရချင်တယ်၊ နိုင်ငံတော်ကလည်း လုပ်ပေးနေတယ်၊ ကျွန်တော်တို့ ဘာလုပ်ကြမလဲ။

ဆက်လုပ်ရမယ့်လမ်းကြောင်းကို မှန်မှန်ကန်ကန်ပါဝင်ပြီး တက်ညီလက်ညီ လုပ်သွားရုံကလွဲလို့ ဘာမှမမြင်ဘူး။ အဲဒီလိုမလုပ်ရင် မလုပ်တဲ့လူပဲမှားလိမ့်မယ်ထင်တယ်။ ကျန်ရစ်ခဲ့လိမ့်မယ်။ ဘေးရောက်သွားလိမ့်မယ်။

ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ကတော့ ဒီမိုကရေစီအရေးဝေးအောင်လုပ်နေတဲ့ လုပ်ရပ်မှန်သမျှ ဆန့်ကျင်တယ်။ အဲဒီလူတွေကိုလည်း မထောက်ခံဘူး။ မဖြစ်သင့်တာ၊ မဖြစ်နိုင်တာတွေ အော်နေတဲ့လူတွေကို ယုံလည်းမယုံဘူး။ အားလည်းမကိုးဘူး။ ပူးပေါင်းဆောင်ရွက်မှုမဆန်တဲ့ ထိပ်တိုက်ရင်ဆိုင် ပြဿနာဖြစ်အောင် ဖန်တီးတာတွေကို ရွံမုန်းတယ်။ နှလုံးနာတယ်ဗျာ။ ရှင်းရှင်းပြောရရင် ကိုယ့်နိုင်ငံအရေးကို တခြားအားကိုးနဲ့လျှောက်ပြော၊ လျှောက်တွေး၊ လျှောက်လုပ်နေကြတဲ့ အတွေးအခေါ်မမှန်ကြသူတွေ လက်မခံချင်ဘူးဗျာ။ ဟိုဟာပိတ်၊ ဒီဟာပိတ်နဲ့ နိုင်ငံစီးပွားရေး ချွတ်ခြုံကျအောင်လုပ်နေတာတွေ၊ ဟိုဟာခေါ် ဒီဟာမျှော်နဲ့ တိုင်းပြည်ကို အာဖဂန်နစ္စတန်တို့၊ အီရတ်တို့လိုဖြစ်အောင် လုပ်နေတာတွေ၊ ဒီအတွေးအခေါ်တွေဟာ သိပ်တိမ်လွန်းတယ်ဗျာ။ မဖြစ်သင့်တာတွေဘဲ။

ဒီနေ့ တိုင်းပြည်နဲ့လူမျိုး ကောင်းရာကောင်းကြောင်း စဉ်းစားဆောင်ရွက်ပေးနေမှုမှန်သမျှ ထောက်ခံတယ်။ လမ်းစဉ်(၇)ရပ်အတိုင်း ညီညီညွတ်ညွတ်လုပ်ကြရင် မကြာခင် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာမှာလည်း ယုံကြည်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း သိပ်သဘောကျတယ်။ ပြည့်ဝတယ်။ လုံခြုံတယ်လို့လည်း သိနေတယ်။ ဒါကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ပြည်သူနဲ့ အတူ ပါဝင်လက်တွဲ လျှောက်လှမ်းသွားမှာပဲ။ ဒီတော့ မလုပ်သင့်တာ ဆက်မလုပ်ကြဘဲ ရပ်ကြပါတော့၊ လုပ်သင့်တာတွေ ဆက်လုပ်ရင်း အကောင်းဘက်ကို သွားကြပါစို့လား။ လုပ်ရင်းလုပ်ရင်းနဲ့ ပိုကောင်းတာတွေတွေ့ပြီး ပိုကောင်းအောင်လုပ်ရင်း ပြည့်စုံအောင် ဖော်ဆောင်ဖန်တီး သွားကြရင် မကောင်းဘူးလားဗျာ။ ။

**ပြည်သူလူထုတစ်ရပ်လုံးက လိုလားတဲ့ဆန္ဒ၊ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ရဲ့ လက်ရှိအနေအထားအရ၊ ဖြစ်သင့်ဖြစ်ထိုက်တာတွေအရ ဘာဆက်လုပ်သင့်သလဲ၊ ဘာဆက်လုပ်ရမလဲဆိုတာ လေးလေး နက်နက် စဉ်းစားသင့်ပါပြီ။ တစ်လျှောက်လုံး အစိုးရလုပ်တာမှန်သမျှ ဆန့်ကျင်မယ်ဆိုတဲ့ အတွေးအခေါ်နဲ့ ဆက်သွားနေမှာလား၊ ဒီလိုဆက်သွားနေရင်ကော အကျိုးရှိမှာလား၊ စဉ်းစားလုပ်ဆောင်သင့်ကြတဲ့ အရေးကြီးတဲ့ အချိန်ကာလကို ရောက်နေပါပြီ။ လမ်းမှန်ကို ရွေးချယ်ရတော့မယ့် လမ်းဆုံလမ်းခွကို ရောက်နေပါပြီ။ ဒီအချိန်မှာ ရွေးချယ်မှုမမှန်ရင် လုပ်သင့်တာ မလုပ်ရင် ဘေးရောက်သွားပါလိမ့်မယ်။**

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောင်းဆောင်သစ် ဖွင့်ပွဲများ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၇

**ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ထန်းပင်ကုန်းအခြေခံပညာ အထက်တန်းကျောင်းခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။**

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် လှေကြီးအိုင်အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပြီး အမှာစကား ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံပေ ၃၀ ရှိပြီး စုစုပေါင်းငွေကျပ် ၁၃၅ သိန်းအကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဝက်ကုန်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ရှိပြီး စုစုပေါင်းငွေကျပ် ၁၀၅သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈) ကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့ တက်ရောက် အမှာစကားပြောကြားကြပြီး ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဘိုကလေးမြို့နယ်ကြိမ်ချောင်းကြီး ကျေးရွာရှိ ကျန်းမာရေးဝန်ကြီးဌာန ရှေ့တန်း ကျန်းမာရေးအဖွဲ့ဆေးခန်း၊ ကျေးရွာ စာကြည့်တိုက်များနှင့် ထူးကုမ္ပဏီမှ တည်ဆောက်ထားသည့် လူနေအိမ်အလုံး ၁၂၀ ၌ နေထိုင်သူများအား လှည့်လည် ကြည့်ရှုအားပေးပြီး ကျေးရွာခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံသည်။ ထို့နောက် ဝန်ကြီးသည် ကြိမ်ချောင်းကြီးအခြေခံပညာ မူလတန်းလွန်ကျောင်း၌ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ထီးနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာ၌ i Love Myanmar က လှူဒါန်းသည့် လူနေအိမ် ၁၄၈ လုံးကို မင်းဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းအတွက် ထီး၊ မုန့်နှင့် ငွေကျပ်နှစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့နယ် ကပ်သမျှင် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းအတွက် ထီး၊ မုန့်နှင့် ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။** (သစ်တော)

# ဖျာပုံ-ဘိုကလေးလမ်းပိုင်း ပြုပြင်ပြီးစီးမှု ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စက်တင်ဘာ ၁၄ ရက်တွင် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဖျာပုံ-ဘိုကလေးလမ်းပိုင်း ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးစိုးကိုကိုက ဖျာပုံ-ဘိုကလေး ကားလမ်း၏ မူလနှင့် လက်ရှိလမ်းအခြေအနေများ၊ ကျောက်သယ်ယူစုဆောင်းမှုနှင့်ရရှိမှု၊ လမ်းလုပ်ငန်းပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။**

ထို့နောက် ဝန်ကြီးသည် မော်တော်ယာဉ်များဖြင့် ဖျာပုံ-ဘိုကလေး ကားလမ်း ပြုပြင်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၅/၂) ဇင်းဘောင်ကျေးရွာအနီး၌ မြင့်တက်နေသော လမ်းပခုံးများ နှိမ့်ချခြင်းနှင့် ရေထုတ်မြောင်းများ တူးဖော်မှုအခြေအနေများ၊ မိုင်တိုင်အမှတ်(၈/၆)တွင် ရေဖောက်ထုတ် ပြုပြင်ပြီးဖြစ်သော ကားလမ်းကို ကျောက်စီခင်းနေမှု အခြေအနေများ၊ မိုင်တိုင်အမှတ်(၉/၁) နောင်တော်ကြီးကျေးရွာ၌ ဗွက်တန်းရှည်နေရာကို ရေဖောက်ထုတ် ကျောက်ဖြည့် သဲညှပ်ပြီး လမ်းသိပ်သည်းမှုရှိအောင် ဆောင်ရွက်မှု အခြေအနေများ၊ မိုင်တိုင်အမှတ်(၁၈/၂) ကုလားကြီးတံတားတွင် စက်လှေကြီးများဖြင့် လမ်းပြုပြင်ရန်အတွက် လမ်းခင်းကျောက်ကြီးများ ရောက်ရှိသယ်ဆောင်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ **(အပေါ်ပုံ)**

စည်ပင်သာယာရေး ဦးစီးဌာနမှ အင်ဂျင်နီယာအင်အား၊ စက်ယန္တရားအင်အားများ အပြည့်အဝစုဖွဲ့လျက် ဩဂုတ် ၂၅ ရက်မှ စတင်ပြင်ဆင်လျက်ရှိရာ ရက်သတ္တပတ် သုံးပတ်အတွင်း ယာဉ်များ ဖျာပုံမြို့မှဘိုကလေးမြို့သို့ မိုးမကျမီအခြေအနေအတိုင်း သွားလာ မောင်းနှင်နိုင်အောင် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စက်တင်ဘာ ၁၅ ရက်တွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ကျင်းပသော မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မမေဦးဟန်၊ သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်သူရပိုင်တို့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်းနှင့် မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အလှူရှင် ၃၅ ဦးတို့က အလှူငွေကျပ် ၂၁၉၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများကလက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် လုပ်ငန်းဆိုင်ရာများ မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် စက်တင်ဘာ ၁၄ ရက်တွင် ကျိုက်ထိုမြို့ မြို့နယ်ဦးစီးဌာနမှူးရုံးခန်း၌ ပြည်နယ်/မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး နိုင်ငံသားစိစစ်ရေးကတ်၊ အမျိုးသားမှတ်ပုံတင်ကတ် ပြုလုပ်ပေးရာ၌ ဥပဒေနှင့်အညီ အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဘီးလင်းမြို့ မြို့နယ်ရုံးခန်းမ၌ ဝန်ထမ်းများအားလည်းကောင်း၊ သထုံခရိုင်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မော်လမြိုင်မြို့ ပြည်နယ်ဦးစီးဌာနမှူးရုံးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် သံဖြူဇရပ်မြို့နယ် မြို့နယ်ရုံးခန်း၌ ဝန်ထမ်းများအားလည်းကောင်း၊ ရေးမြို့နယ်ရုံး၌ မြို့နယ်မှူး/မြို့နယ်ခွဲဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ “ကျင့်ကြံအားထုတ်ဝိပဿနာအလုပ်” တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၈း၀၅ - ၂း၀၅ နိဗ္ဗာန်ဆီသို့----အမေးအဖြေများ
၈း၃၅ - ၂း၃၅ တေးဂီတအစီအစဉ်
၈း၄၀ - ၂း၄၀ ပြည်တွင်းအနုပညာရေးရာ
၉း၀၅ - ၃း၀၅ အဘိဓမ္မာပြန့်ပွားရေးအသင်း၏(၄၁)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း(အာဂမ+သဘာဝ)စာတော်ပြန်ပွဲကြီး
၉း၁၅ - ၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀ Car Audio အသစ်အဆန်း MK အစွမ်း
၉း၄၅ - ၃း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀ တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅ ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ်းရော်ဘာဆီသို့
၁၀း၁၀ - ၄း၁၀ မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅ ကျန်းမာရေးအတွက် ရေချိုးစက်
၁၀း၃၀ - ၄း၃၀ တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅ ရွှေလီတံတား
၁၀း၅၅ - ၄း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ အေးခိုင်ဇာလတ်နှင့်တွေ့ဆုံခြင်း)
၁၁း၂၅ - ၅း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “အချစ်ကလန်းတယ်”
၁၂း၀၀ - ၆း၀၀ သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၂း၂၀ - ၆း၂၀ တေးဂီတအစီအစဉ်
၁၂း၃၀ - ၆း၃၀ CICT Diploma နှင့် သူ၏အကျိုးသက်ရောက်မှု
၁၂း၄၅ - ၆း၄၅ Yangon Panorama (Price Challenging Promotion Show)
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

▲ **ရှေ့ဖုံးမှ**

ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မုန်တိုင်းဒဏ်ခံခဲ့ရသည့် ကြက်လျှာကျေးရွာကို စံပြကျေးရွာတစ်ရွာ ဖြစ်လာအောင် ကြိုးပမ်းတည်ဆောက်ခဲ့မှုများကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများအတွက် ဘော်လီဘောကွင်း၊ ဘောလုံးကွင်းနှင့် ပိုက်ကျော်ခြင်းကွင်းတို့ တည်ဆောက်ထားမှုများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်လျှာကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကျယ် ရှစ်ပေ၊ အမြင့် သုံးပေရှိ သဲနုန်းများဖြင့် ဘောင်တင်ကာ ဆောင်ရွက်ထားသော ကျေးရွာပတ်လမ်းများကိုလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က လှူဒါန်းပြီး TZTM Co, က တာဝန်ယူ ဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များတွင် မိသားစုများ နေထိုင်မှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် နေအိမ်များ၌ တစ်နိုင်တစ်ပိုင် ဈေးဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှုအားပေးကြပြီး စာအုပ်စာစောင်များ စုဆောင်းထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီဆေးခန်း ဖွင့်လှစ်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွာလမ်းဘေး ဝဲ/ယာတို့၌ အရိပ်ရလေကာပင်များ စိုက်ပျိုးထားမှု၊ နေအိမ်ဝင်းများအတွင်း စားသုံးပင်၊ ဟင်းသီးဟင်းရွက်ပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာနက လေးလက်မ အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ငွေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် WEG ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က ကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးသွားမည့် အသေးစားအနေးနှုန်းသဲရေစစ်ကန်စနစ်၏ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာ တည်ဆောက်ရေးအတွက် သဲနုန်းများ ဖြည့်သည့် မြေသားမြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တစ်ဦးက လက်ခံသည်။

ဆက်လက်၍ ကျေးရွာရှိ ယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကြက်လျှာကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာအတွက် စားစရာများနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ရေနံဆီ/ ဒီဇယ်ဆီသုံး မီးဖိုများကို ကျေးရွာမှ တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့သို့ ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဘိုကလေးမြို့ ကွပ်ကဲရေးရုံး၌ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ဖျာပုံ-ဘိုကလေး ကားလမ်း ပြင်ဆင်ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖျာပုံ-ဘိုကလေး ကားလမ်း၏ ဘိုကလေးဘက်ခြမ်း ပြင်ဆင်ခြင်းလုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဖျာပုံ-ဘိုကလေး ကားလမ်း၏ ဖျာပုံဘက်ခြမ်း ပြင်ဆင်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က မှာကြားရာ၌ လမ်းများကို အနည်းငယ်ပျက်သည်နှင့်ပြုပြင်သွားရန်လိုကြောင်း၊ အပျက်အစီးများမှ ပြုပြင်ပါက ပြင်ဆင်ရသည့် လုပ်ငန်းပမာဏ များပြားသကဲ့သို့ နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးလည်း ပိုမိုကုန်ကျမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အင်ဂျင်နီယာများတွင် လမ်းများ အစဉ်အမြဲကောင်းမွန်နေစေရေးအတွက် အဓိက တာဝန်ရှိသကဲ့သို့ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း မိမိတို့ မြို့နယ်အလိုက် ကြည့်ရှုစစ်ဆေးခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပြင်ဆင်နိုင်ရန် တွန်းအားပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည်ဖြစ်စေ နိုင်ငံတော်အကျိုးကို ရှေးရှုဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

ဖျာပုံ-ဘိုကလေး ကားလမ်းမှာ ၁၉ မိုင် ၂ ဖာလုံရှည်ပြီး ကားလမ်း ပြင်ဆင်ခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၂ ရာခိုင်နှုန်း ပြင်ဆင်ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးစိုးတင့်က ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ ကားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ ကားလမ်းမြေကြီးတာပေါင်လုပ်ငန်းကို လာမည့် ပွင့်လင်းရာသီတွင် ပြီးစီးအောင် ဖောက်လုပ်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံ-ဘိုကလေး ကားလမ်း ပြင်ဆင်ခြင်း

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြက်လျှာကျေးရွာတွင် အကျယ် ရှစ်ပေ၊ အမြင့် သုံးပေရှိ သဲနုန်းများဖြင့် ဘောင်တင်ကာ ဆောင်ရွက်ထားသော ကျေးရွာပတ်လမ်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**မော်လမြိုင်ကျွန်း မြို့နယ် ကြက်လျှာကျေးရွာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင် လီမိတက်က လှူဒါန်းပြီး TZTM Co., က တာဝန်ယူ ဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်များကို တွေ့ရစဉ်။** (သတင်းစဉ်)

## ကျေးလက် စာကြည့်တိုက်

**ကြက်လျှာကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ကို တွေ့ရစဉ်။** (သတင်းစဉ်)

လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အဆိုပါလမ်းပြုပြင်ရေးလုပ်ငန်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘိုကလေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက ပါဝင်ကူညီဆောင်ရွက်လျက်ရှိမှုကို ကြည့်ရှုအားပေးကြသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ပြန်လည်ရောက်ရှိကြပြီးအောင်သိဒ္ဓိဆန်စက်ရှိ တစ်နာရီ စပါးတင်း ၃၀ ကျ ဆန်အရည်အသွေး ကောင်းမွန်သော အသေးစားဆန်စက်ကို ကြည့်ရှုစစ်ဆေးကြရာပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဆန်စက်လည်ပတ်မှု၊ အဆိုပါဆန်စက်မှထွက်ရှိသည့် ဆန်အရည်အသွေးနှင့် ဆန်ထွက်နှုန်းတို့ကို ရှင်းလင်းပြသကြသည်။

**အားပေး**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို အားပေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်ကလှူဒါန်းပြီး TZTM Co, က တာဝန်ယူဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်များတွင် မိသားစုများ နေထိုင်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**❍ ကာကွယ်ရေးမှ**

ထို့နောက် Yangon Transformer & Electrical Co.,Ltd. ဥက္ကဋ္ဌ ဦးမောင်သောင်းက ရန်ကုန်ထရန်စဖော်မာစက်ရုံမှ စက်ရုံလုပ်ငန်းသုံးနှင့် ဓာတ်အားခွဲရုံသုံး ထရန်စဖော်မာများ ထုတ်လုပ်မှုအခြေအနေ၊ လေယာဉ်ကွင်း စီမံကိန်းများအတွက် လေယာဉ်ပြေးလမ်းများတွင် အသုံးပြုသော ပြေးလမ်းအချက်ပြ မီးလုံးများအတွက် ထရန်စဖော်မာများ ထုတ်လုပ်မှု၊ မြစ်ရေတင် စီမံကိန်းများအတွက် လိုအပ်သော ထရန်စဖော်မာများ ထုတ်လုပ်မှု၊ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်ပေးမှုအခြေအနေ၊ သွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်တွင်းဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိရေးတို့အတွက် ကုန်သွယ်ရေးမူဝါဒများနှင့်အညီ ပြည်တွင်း၌သာမက ပြည်ပသို့ပါတင်ပို့ပြီး နိုင်ငံတကာအရည်အသွေး ပြည့်မီစွာဖြင့် ထုတ်လုပ်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံအတွင်း ထရန်စဖော်မာများ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ထားသော ထရန်စဖော်မာများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၃)ရှိ Grains & Manufacturing Co.,Ltd. ၏ ဦးကြူမိသားစု ဂျုံစက်ရုံသို့ရောက်ရှိကြပြီး ဦးကြူမိသားစု ဂျုံစက်ရုံအတွင်း ထုတ်လုပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တက်ဖြိုးဝေ ကုမ္ပဏီလီမိတက်၏ ပုစွန်၊ ကဏန်း၊ ရေဘဝဲ အအေးခန်းနှင့် ရေခဲစက်ရုံသို့ရောက်ရှိကြပြီး ပုစွန်၊ ကဏန်း၊ ရေဘဝဲများအား အမျိုးအစား ခွဲနေမှုနှင့် အေးခဲခြင်းလုပ်ငန်းများ လုပ်ဆောင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)ကို ၁၉၉၀ပြည့်နှစ်တွင် လည်းကောင်း၊ ရွှေပြည်သာစက်မှုဇုန် အပိုင်း(၂)နှင့် အပိုင်း(၃)ကို ၁၉၉၈ခုနှစ်တွင် လည်းကောင်း၊ ရွှေပြည်သာစက်မှုဇုန် အပိုင်း(၄)ကို ၂၀၀၀ ပြည့်နှစ်တွင် လည်းကောင်း စတင်တည်ထောင်ပြီး ယခုအခါ စက်မှုဇုန်အပိုင်း(၁)၌ လည်ပတ်စက်ရုံပေါင်း ၁၁၅ ရုံ၊ စက်မှုဇုန် အပိုင်း(၂)၊ (၃)နှင့် (၄)တို့၌ လည်ပတ်စက်ရုံပေါင်း ၁၀၅ ရုံရှိကာ အဆိုပါစက်ရုံများမှ အထည်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးနှင့် သံရည်ကျိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ စက္ကူနှင့် စာရေးကိရိယာပစ္စည်း၊ စက်နှင့် စက်ကိရိယာပစ္စည်းနှင့် ရေထွက်ပစ္စည်းတို့ကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

**❁ မြန်မာနိုင်ငံမှ**

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်နှင့် တွေ့ဆုံမေးမြန်း၍ ပြန်လည်တင်ပြလိုက်သည်။

**မုတ်သုံ**

မြန်မာနိုင်ငံ၏ ယခုနှစ် မုတ်သုံရာသီမှာ ကုန်ဆုံးတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းတို့တွင် စက်တင်ဘာလဆန်းမှ စတင်ထွက်ခွာသွားပြီ ဖြစ်သည်။ မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် တရုတ်(တိုင်ပေ)၌ဖြစ်ပေါ်နေသော မုန်တိုင်း၏ အရှိန်ကြောင့် မုတ်သုံမထွက်နိုင်သေးကြောင်း သိရသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် မုန်တိုင်းငယ်တစ်ခုတည်ရှိရာ အိန္ဒိယနိုင်ငံသို့ ဝင်သွားဖွယ်ရှိကြောင်း၊ ယခုကဲ့သို့ စက်တင်ဘာလတွင် ဖြစ်တတ်သောမုန်တိုင်းသည် မြန်မာနိုင်ငံသို့ ဝင်လေ့မရှိကြောင်း၊ ယခု မုန်တိုင်းပြီးဆုံးသွားပါက မြစ်ဝကျွန်းပေါ်ဒေသအနေဖြင့် မုတ်သုံရှိတော့မှာမဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး စက်တင်ဘာလအကုန်တွင် မုတ်သုံရာသီကုန်ဆုံး၍ မုတ်သုံမုန်တိုင်းလည်း ဖြစ်ပေါ်လာနိုင်စရာမရှိတော့ကြောင်း ဒေါက်တာထွန်းလွင်က ရှင်းလင်းပြောကြားသည်။

**မိုးရွာသွန်းမှု**

လက်ရှိ အချိန်အထိ တိုင်းတာချက်များအရ မြန်မာတစ်နိုင်ငံလုံး အနေဖြင့် မိုးမှန်သည်ဟုပြော၍ ရနိုင်ကြောင်း၊ ဒေသအချို့တွင်သာ မိုးရေချိန်အနည်းငယ်ပိုပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ ကျောက်ဆည်၊ သရက်မြို့နယ်တို့တွင် မိုးရွာသွန်းမှု လက်မ ၂၀ အောက်သာရှိခဲ့ကြောင်း သိခဲ့ရသည်။

**မြစ်ရေကြီးမှု**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် မိုးဦးကောင်း၍ မိုးလယ်တွင် အသင့်အတင့်သာရွာသွန်းပြီး မိုးနှောင်းတွင်ညံ့နိုင်ကြောင်း ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းဖြစ်သော ချင်းတွင်းမြစ်ဖျား၊ ဧရာဝတီမြစ်ဖျားဒေသများတွင် မိုးကောင်းခဲ့ပါသည်။ ထို့ကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင်လတွင်တစ်ကြိမ် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့သည်။ သို့ရာတွင် ဒေသခံများ၏ ပြောပြချက်အရ သာမန်ဖြစ်ရိုးဖြစ်စဉ်သာဖြစ်၍ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း ကြားသိခဲ့ရသည်။

ဧရာဝတီမြစ်အနေဖြင့် ဇူလိုင်လတွင် ညောင်ဦးမြို့၌ တစ်ကြိမ်၊ ယခု စက်တင်ဘာလတွင် ဟင်္သာတမြို့၌ တစ်ကြိမ် စိုးရိမ်ရေမှတ်ကျော်လွန်ခဲ့သည်။ ဟင်္သာတတွင် နောက်တစ်ရက် နှစ်ရက်အတွင်း ပြန်လည်ကျနိုင်ကြောင်း၊ အသိပေးကြေညာမှု၊ နှိုးဆော်မှုတို့ကြောင့် ကြိုတင်ပြင်ဆင်နိုင်ခဲ့၍ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

စစ်တောင်း၊ သံလွင်၊ ပဲခူး၊ ရွှေကျင်၊ မြစ်ငယ်မြစ်များအနေဖြင့် ပဲခူးမြစ်နှင့် ရွှေကျင်မြစ်တို့၌ တစ်ကြိမ်စီ စိုးရိမ်ရေမှတ်ရောက်ခဲ့ပြီး သံလွင်မြစ်ရေကြောင့် ဘားအံမြို့တွင် စိုးရိမ်ရေမှတ် ကျော်ခဲ့ကြောင်း၊ သို့သော် ဇွန်လတွင် တစ်ကြိမ်၊ ဇူလိုင်လနှင့် ဩဂုတ်လတွင်တစ်ကြိမ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင်တစ်ကြိမ်၊ တစ်နှစ် သုံးကြိမ်သာဖြစ်တတ်၍ ယခုနှစ် မုတ်သုံအထွက်စောသည့်အတွက် မြစ်ရေကြီးမှုနှင့် ပတ်သက်ပြီး ယခုအချိန်အထိ စိုးရိမ်စရာမရှိခဲ့ကြောင်း သိခဲ့ရသည်။

မုန်တိုင်းနှင့်ပတ်သက်၍ ဘင်္ဂလားပင်လယ်အော်တွင် ၁၈၇၇ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နှစ်ပေါင်း ၁၂၈ နှစ်အတွင်း မုန်တိုင်းပေါင်း ၁၂၈၄ကြိမ် ဖြစ်ပေါ်ခဲ့သော်လည်း မြန်မာနိုင်ငံသို့ အကြိမ် ၈၀ သာဝင်ခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ခြောက်ရာခိုင်နှုန်းသာ ဝင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်တိုင်း မြန်မာနိုင်ငံသို့ အကုန်မဝင်ကြောင်း ဒေါက်တာထွန်းလွင်ကရှင်းပြသည်။

မိုးကြိုကာလနှင့် မိုးလွန်ကာလတို့တွင် ဖြစ်တတ်သော မုန်တိုင်းမှလွဲ၍ ကျန်မုန်တိုင်းတို့သည် မြန်မာနိုင်ငံကိုဒုက္ခမပေးခဲ့ကြောင်း၊ သို့သော် ၂၀၀၈ ခုနှစ်၏ ဒုတိယမုန်တိုင်းရာသီ စတင်တော့မှာဖြစ်၍ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ဖို့အခြေအနေကောင်းတွေရှိနေတာကို သတိထားရတော့မည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ အကပဒေသာ
၈း၀၅ ၆။ တေးဂီတအစီအစဉ်
၈း၁၅ ၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၁၀-၁၅နှစ်) အဆင့် (အမျိုးသမီး)**
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အတီးပြိုင်ပွဲ
၉း၀၀၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၀ ၄။ **“ငှက်တစ်သောင်း” (ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီစိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွန့်) [ဒါရိုက်တာ-မောင်သီ]**
၄း၅၅ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၀ ၈။ မုန်တိုင်းလွန်ကာလ မြင်ကွင်းသစ်များ
၅း၃၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၅း၄၀၁၀။ ပေကျင်းအိုလံပစ်
၅း၅၀၁၁။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ၅-၁၀ နှစ်) (အမျိုးသား)**
၆း၀၀၁၂။ ညနေခင်းသတင်း
၆း၃၀၁၃။ မိုးလေဝသအခြေအနေ
၆း၃၅၁၄။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၆း၅၀၁၅။ လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာ မိုးစပါးစိုက်ပျိုးရေး
၇း၀၀၁၆။ တေးဂီတအစီအစဉ်
၇း၁၀၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မုန်တိုင်း” (အပိုင်း-၉)**
၈း၀၀၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၂၉)**
၂၂။ အစီအစဉ်ပြီး၏။

**❖ ရှေ့ဖုံးမှ**

၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းက ဖြစ်သည်။ သုတေသနစီမံကိန်း၏ အမည်သည် မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထုတ်လုပ်မှု ဖွံ့ဖြိုးရေး (ရှေ့ပြေးအဆင့်) စီမံကိန်း ဖြစ်သည်။

စီမံကိန်း၏ ရည်မှန်းချက်ကား ရှေ့ပြေးထုတ်လုပ်မှု အဆင့်တွင် ထွက်ရှိလာသော ကာကွယ်ဆေးများအား အဆင့်ဆင့်စမ်းသပ် စစ်ဆေးပြီး နောက်ဆုံးအာနိသင် ရှိ၊ မရှိ ရွေးချယ်ထားသော အစမ်းသပ်ခံသူများအပေါ် စမ်းသပ်ရန်၊ အမြောက်အမြား ထုတ်လုပ်နိုင်သည့်အခါ ကလေးငယ်များ တိုးချဲ့ ကာကွယ်ဆေး ထိုးနှံခြင်း အစီအစဉ်တွင် ထည့်သွင်းအသုံးပြုရန် တို့ဖြစ်သည်။

တာဝန်ခံ အကောင်အထည်ဖော်ရမည့် ဆေးသုတေသနဦးစီးဌာနသည် စီမံကိန်းကာလအတွင်း ရည်မှန်းချက်အတိုင်း စနစ်တကျ အကောင်အထည် ဖော်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုကိုခံယူပြီး ပင်တိုင်အဖွဲ့ (core group) တစ်ခု ဖွဲ့စည်း အကောင်အထည် ဖော်စေခဲ့သည်။ ယင်းပင်တိုင်အဖွဲ့တွင် စီမံကိန်း မန်နေဂျာ၊ ဒုတိယစီမံကိန်း မန်နေဂျာ၊ အဓိက သုတေသီ၊ တွဲဖက်သုတေသီနှင့် ဓာတ်ခွဲခန်းရေးရာကိစ္စများ ကူညီဆောင်ရွက်ပေးနိုင်ရန် ဓာတ်ခွဲကျွမ်းကျင်သူ နှစ်ဦးတို့ ပါဝင်ခဲ့ပါသည်။ ကျန်းမာလျက်ရှိသော တာရှည်ဘီပိုး သယ်ဆောင်သူများ (chronic hepatitis B carriers) ၏ သွေးရည်ကြည်မှအဆင့်မြင့် ဇီဝဓာတု နည်းပညာဖြင့် ဘီပိုးအပြင်လွှာ အင်တီဂျင် (B surface antigen) ကို ထုတ်ယူပြီး ကာကွယ်ဆေးဖော်ထုတ်သွားခြင်းဖြစ်သည်။

စက်ရုံကို လှည်းကူးမြို့နယ် အမှတ်(၇)လမ်းမကြီးနှင့် ခရေပင်လမ်းခွဲတို့ဆုံရာတွင် ဆောက်လုပ်ခဲ့ကြသည်။

ယခုအခါ စက်ရုံကို စမ်းသပ်လည်ပတ်ပြီး အရည်အသွေး ထိန်းသိမ်းရေး(Quality Control) နှင့် အရည်အသွေး သေချာစေရေး(ဝါ) အာမခံရေး (Quality assurance) လုပ်ထုံးလုပ်နည်းများအတိုင်း စမ်းသပ်ထုတ်လုပ်မှုနှစ်သုတ်ကို အောင်မြင်စွာ ထုတ်လုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့(FDA)က လာရောက်စစ်ဆေးပြီး ထုတ်လုပ်သူလိုင်စင် (Manufacturer's licence) ထုတ်ပေးခဲ့သည်။

ထုတ်လုပ်ထားသော ကာကွယ်ဆေးများ အန္တရာယ်ကင်းရှင်း၊ စိတ်ချစေရေးနှင့် အာနိသင် ရှိမရှိ တို့ကိုလည်း ဓာတ်ခွဲခန်း တိရစ္ဆာန်ငယ်များတွင် စမ်းသပ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပိုမိုစိတ်ချစေရန်အတွက် ကိုရီးယား အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ (Korean FDA)သို့ ထပ်မံပေးပို့ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းအဖွဲ့မှ အန္တရာယ်ကင်းရှင်းကြောင်းနှင့် အာနိသင်ရှိကြောင်း အတည်ပြုပေးခဲ့သည်။ ထို့နောက် လူသားများအပေါ် စမ်းသပ်ခြင်းဆိုင်ရာ ကျင့်ဝတ်ကော်မတီ (Ethical Committee)၏ ခွင့်ပြုချက်ကို ရယူပြီး ပထမအဆင့် မိမိဆန္ဒအလျောက် စမ်းသပ်ခံလိုသောသူများ (Human volunteer) အပေါ် စမ်းသပ်ခဲ့ကြသည်။ အန္တရာယ်ကင်းရှင်းပြီး အာနိသင်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ဒုတိယအဆင့် မွေးကင်းစကလေးငယ်များအပေါ် ဆက်လက်စမ်းသပ် ဆောင်ရွက်လျက်ရှိသည်။

ထိုအတောအတွင်း ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်(GMP) အလေ့အကျင့်များ ရရှိစေရန် နောက်ထပ်ထုတ်လုပ်မှု အသုတ်သုံးသုတ်ကို ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို အောင်မြင်စွာ တည်ဆောက် ဖွင့်လှစ်ထုတ်လုပ်နိုင်ပြီဖြစ်၍အများပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူအသုံးပြုဖြန့်ဖြူး ရောင်းချပေးလျက်ရှိကာ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

## တွံတေးမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဝန်ကြီး ဦးစိုးသာ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဌာနဆိုင်ရာအလိုက် စီစဉ်ဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားသည်။**

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအသင်း အမှုဆောင်များနှင့် အသင်းဝင်များအားလည်းကောင်း၊ ဘုရားကြီးစံပြကျေးရွာ၌ ကျေးရွာပြည်သူများနှင့်လည်းကောင်း တွေ့ဆုံသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ယမန်နေ့ နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ ရန်ကုန်တိုင်း စီမံကိန်းဦးစီးရုံး၌ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးမှူးများနှင့် တွေ့ဆုံရာ ရန်ကုန်တိုင်းစီမံကိန်းဦးစီးမှူးနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရန်ကုန်တိုင်း တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အကြိမ် (၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသွားသော ရန်ကုန်တိုင်း အမျိုးသမီးအလေးမအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ချီးမြှင့်စဉ်။**

(အလေးမအဖွဲ့ချုပ်)

## ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသော အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲနှင့် ၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြိုင်ပွဲများကို ကြည့်ရှုအားပေးကာ ဆုများကို ပေးအပ်ချီးမြှင့်သည်။**

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲတွင် မြန်မာပြည် စံချိန်ဟောင်းသုံးခုကို ချိုးလိုက်ပြီး စံချိန်သစ် သုံးခုတို့ကို တင်နိုင်သည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲ၏ အမျိုးသား ၆၉ ကီလိုတန်းပြိုင်ပွဲ၊ ၇၇ ကီလိုတန်း ပြိုင်ပွဲနှင့် ၈၅ ကီလိုတန်း ပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက လည်းကောင်း၊ အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ၏ အမျိုးသမီး ၆၉ ကီလိုတန်းတွင် အနိုင်ရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီကလည်းကောင်း၊ အမျိုးသမီး ၇၅ ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်မြင့်မြင့်ဆွေက လည်းကောင်း၊ အမျိုးသမီး ၇၅ ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေးကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းလွင်က အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲတွင် အကောင်းဆုံး အလေးမ အားကစားသမားဆု ရရှိကြသော ၆၉ ကီလိုတန်းမှ ဘိုမင်းထွန်း(ရခိုင်ပြည်နယ်) နှင့် ဟေမာမြင့်ဝင်း(မကွေးတိုင်း) တို့အားလည်းကောင်း၊ ၂၀၀၈ခုနှစ်အမျိုးသား တံခွန်စိုက် အလေးမ ပြိုင်ပွဲတွင် အကောင်းဆုံးအလေးမ အားကစားသမားဆုရရှိကြသော ၅၆ ကီလိုတန်းမှ ပြည့်ဖြိုး (မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်)နှင့် ၅၃ ကီလိုတန်းမှ အေးသန္တာလွင် (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) တို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်သည်။

၂၀၀၈ ခုနှစ် အမျိုးသား တံခွန်စိုက် အလေးမပြိုင်ပွဲ ၅၆ ကီလိုတန်း ပြိုင်ပွဲတွင် ပြည့်ဖြိုး(မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်)က ၎င်းကိုယ်တိုင် တင်ထားသော အမြန်မ၌ မြန်မာပြည် စံချိန်ဟောင်း ၁၁၀ ကီလိုကို ၁၁၇ ကီလိုဖြင့် လည်းကောင်း၊ နှစ်ဆင့်မ၌ မြန်မာပြည် စံချိန်ဟောင်း ၁၄၀ ကီလိုကို ၁၄၈ ကီလိုဖြင့်လည်းကောင်း စုစုပေါင်း စံချိန်ဟောင်း ၂၅၀ ကီလိုကို ၂၆၅ ကီလိုဖြင့် လည်းကောင်း အသီးသီးချိုးလိုက်ပြီး မြန်မာပြည် စံချိန်သစ်သုံးခုတို့ကို တင်လိုက်နိုင်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ်တို့က ဂုဏ်ပြုသည့်အနေဖြင့် ဆုကြေးငွေကျပ် နှစ်သိန်းကို ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်နှင့်တိုင်း အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသော မန္တလေးတိုင်း၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော တနင်္သာရီတိုင်း၊ အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲတွင် တတိယဆုရရှိသော ပဲခူးတိုင်းနှင့် အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မကွေးတိုင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ အမျိုးသား တံခွန်စိုက်အလေးမပြိုင်ပွဲ ၆၉ ကီလိုတန်းပြိုင်ပွဲတွင်ပထမရရှိသောကျော်မိုးဝင်း(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၏ စုစုပေါင်း စံချိန် ၃၀၆ ကီလိုသည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရွှေတံဆိပ်ရှင် စံချိန် ၂၉၉ ကီလိုထက် သာလွန်သောကြောင့်မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့က ဂုဏ်ပြုသည့်အနေဖြင့် ဆုကြေးငွေကျပ်ခြောက်သိန်းကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အကြိမ်(၄၀)မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲ၌ အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင်လည်း ပထမရသော ရန်ကုန်တိုင်းတို့အား တံခွန်စိုက် ဒိုင်းဆုကြီးများ၊ ဆင့်ပွားဒိုင်းများနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် ဘုရားကုန်း(သန်လျင်)ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၇**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီခွဲတွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ ဘုရားကုန်း(သန်လျင်)230/33/11 KV (100 MVA) ဓာတ်အားခွဲရုံ၊ Switch Yard နှင့် ဓာတ်အားလိုင်းများ ချိတ်ဆက် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်နှင့် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်တို့က ကမာနတ်-သန်လျင် 230 KV မဟာဓာတ်အားလိုင်းနှင့် သာကေတ-သန်လျင် 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရမည်းသင်း-ရွှေမြင်တင် ကျေးလက်လမ်း ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဩဂုတ် ၂၁ ရက်တွင် ရမည်းသင်းမြို့နယ် ရမည်းသင်း-ရွှေမြင်တင် ကျေးလက်လမ်း ရှင်းလင်းဆောင်၌ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးက ရမည်းသင်း-ရွှေမြင်တင် ကျေးလက်လမ်း ပြင်ဆင်ထိန်းသိမ်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရမည်းသင်း-ရွှေမြင်တင် ကျေးလက်လမ်းတစ်လျှောက်၌ ပျက်စီးသည့်အပိုင်းများကိုလည်းကောင်း၊ ရမည်းသင်းမြို့ပေါ်သို့ ရေဖြန့်ဝေပေးနေသော သိမ်ကုန်းရေစက်ရုံများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျီးနီရေလှောင်ကန်သို့ရောက်ရှိ၍ ကျီးနီကန်မှ မြို့ပေါ်သို့ ရေဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၈-၉-၂၀၀၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၅း၀၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၁၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၃၁)**
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၅)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ကုန်သွယ်သုတ
- ၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း -၃၀)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဆန္ဒာဓိက ဘဝနတ်ထံပျံလွန်တော်မူ

**နိုင်ငံတော်ဩဝါဒါစရိယ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက(အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း**

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ညောင်ရမ်းမြို့၊ ဈေးရွာ၊ ခမည်းတော်ဦးလှိုင်၊ မယ်တော်ဒေါ်ငွေသဲတို့မှ ၁၂၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၈ ခုနှစ်တွင် ညောင်ရမ်းမြို့ လေသာကျောင်းဆရာတော် ဦးဥေယျကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၂၉၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ဆရာတော်ဦးဥေယျကိုပင် ဥပဇ္ဈာယ်ပြု၍ မိုးညှင်းကုန်းရွာ ဦးတင်၊ ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဥပဇ္ဈာယ်ဆရာတော်ဦးဥေယျနှင့် မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံကန္နားကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသတို့ထံ၌ စာချတန်းစာဝါများကို သင်ကြားဆည်းပူးတော်မူခဲ့ပြီး အစိုးရဓမ္မာစရိယတန်းကို ဂုဏ်ထူးကျမ်းများနှင့်တကွ အောင်မြင်၍ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မိမိသီတင်းသုံးသည့် စာသင်တိုက်အပါအဝင် တိုက်ခွဲများဖြစ်သည့် စာသင်တိုက်အသီးသီးတို့အား အုပ်ချုပ်လမ်းညွှန်မှုပေးခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ရာ၌ ပါဠိဝိသောဓကအဖြစ်ဆောင်ရွက်ခြင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စဆောင်ရွက်ရာ၌ သံဃာ့ဝန်ဆောင်(၆၆)ပါးတွင် ပါဝင်တော်မူခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်၊ ဒုတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ပထမအကြိမ်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းတွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခြင်း၊ နှစ်စဉ်ကျင်းပသော ပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲများတွင် ဦးစီးနာယကအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခြင်း၊ တောင်ကြီးမြို့လယ်ဓမ္မာရုံ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မဟာမြတ်မုနိဘုရားကြီး၏ ဩဝါဒါစရိယနှင့် သိမ်တောင် သံဃနိကာယလုံးဆိုင်ရာ မဟာနာယကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၂ ခုနှစ် (၁၉၉၁ခုနှစ်)တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၂ ခုနှစ် (၂၀၀၁ခုနှစ်)တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါအရ၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော်(၂)ရက်၊ (၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်) အင်္ဂါနေ့ ည ၁၁ နာရီ ၂၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော် ဩဝါဒါစရိယ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် သက်တော်(၉၅) နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဆန္ဒာဓိကသည် ၁၃၇၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော်(၂)ရက် စက်တင်ဘာ ၁၆ ရက် (အင်္ဂါနေ့) ည ၁၁း၂၅ နာရီတွင် သီတင်းသုံးရာ ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ကမ္ဘာ့ဆန်းဆိုဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဆန်းဆို(ဝူရှူး)အားကစားအဖွဲ့ တရုတ်သို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Harbin မြို့၌ စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိကျင်းပမည့် (၄)ကြိမ်မြောက် ကမ္ဘာ့ဆန်းဆိုဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလက်ရွေးစင် ဆန်းဆို(ဝူရှူး) အာကစားအဖွဲ့သည် စက်တင်ဘာ ၁၆ ရက်ညက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး ဦးခွန်ဂျာအောင်နှင့်တာဝန်ရှိသူများ၊ မိဘဆွေမျိုးများ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ အားကစားအဖွဲ့တွင် အုပ်ချုပ်သူ ဦးလခွန်လ၊ နည်းပြ ဦးထွန်းထွန်းဦး၊ အားကစားသမားများအဖြစ် မောင်စောကျော်စိုးမိုး (၅၂)ကီလို၊ မနော်မာထွန်း(၄၈)ကီလိုတို့ လိုက်ပါသွားကြသည်။

ယင်းပြိုင်ပွဲအား (၉)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးပြိုင်ပွဲမှ လက်ရည်စစ်ပွဲအောင်မြင်သူများသာ ယှဉ်ပြိုင်ခွင့်ရရှိပြီး တတိယအကြိမ် ကမ္ဘာ့ဆန်းဆိုဖလားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ တစ်ဦးယှဉ်ပြိုင်ခဲ့ကာ တတိယကြေးတံဆိပ် တစ်ခု ရရှိခဲ့သည်။ **(ကြေးမုံ)**

## ချန်ပီယံလိဂ်အုပ်စု ပထမနေ့ရလဒ်များ

**၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ချယ်လ်ဆီး | ၄-၀ | ဘော်ဒိုး |
| ရိုးမား | ၁-၂ | ကလူ့ချ် |
| ပင်နာသီယာကော့စ် | ၀-၂ | အင်တာမီလန် |
| ဝါဒါဘရီမင် | ၀-၀ | ဖာမာဂက်တော |
| ဘာစီလိုနာ | ၃-၁ | စပို့တင်းလစ္စဘွန်း |
| ဘေဆယ် | ၁-၂ | ရှက်တာဒိုးနက် |
| မာဆေးလ် | ၁-၂ | လီဗာပူး |
| PSV | ၀-၃ | အက်သလက်တီကို |

### ယူအီးအက်ဖ်အေ ပထမအဆင့် ပထမအကျော့ရလဒ်များ

**၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| အပိုရယ်(လ်)နီကိုးရှား | ၁-၄ | ရှော်လ်ကေး |
| နော့ဂျဲလန်း | ၀-၂ | အိုလံပီယာကို့စ် |
| ဟာသာဘာလင် | ၂-၀ | စိန့်ပက်ထရစ် |

*အင်တာနက်။*

## မုန်တိုင်းငယ် အိန္ဒိယကမ်းခြေကို ဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၁၇

**ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းပေးပို့သည်။** (သတင်းစဉ်)

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ




## ရခိုင်ကမ်းရိုးတန်းတွင် အများအားဖြင့် မိုးလျော့နည်းမည်

နေပြည်တော် စက်တင်ဘာ ၁၇

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ထားဝယ်မြို့တွင် ၄ဒသမ ၀၉ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ကျောက်တော်မြို့တွင် ၂ဒသမ၂၄ လက်မ၊ ကလေးမြို့တွင် ၁ဒသမ ၉၃လက်မနှင့် အမ်းမြို့တွင် ၁ဒသမ ၆၁လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ယနေ့နံနက် မြန်မာစံတော်ချိန် ၉း၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက် တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

**စက်တင်ဘာ ၁၈ရက် ညနေထိ ခန့်မှန်းချက်။** ။ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ရခိုင်ကမ်းရိုးတန်းတွင် အများအားဖြင့် မိုးလျော့နည်းမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၉ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်) ၁၆-၉-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၉ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) ၁၇-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၁၇-၉-၂၀၀၈

နေပူသည့်နာရီပေါင်း (၀ ဒသမ ၉)နာရီခန့် ၁၆-၉-၂၀၀၈

### မိုးရေချိန်

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| | ၃၁မမ | ၃၈မမ | ၃၆မမ |
| ၁၇-၉-၂၀၀၈ | (၁ဒသမ၂၂လက်မ) | (၁ဒသမ၅၀လက်မ) | (၁ဒသမ၄၂လက်မ) |
| ၁-၁-၂၀၀၈မှ | ၂၃၄၈ မမ | ၂၆၁၉မမ | ၃၀၅၃မမ |
| ယနေ့အထိ | (၉၂ဒသမ၄၄လက်မ) | (၁၀၃ဒသမ ၁၁လက်မ) | (၁၂၀ဒသမ ၂၀လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၆-၉-၂၀၀၈ ရက် ၁၃း၀၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၂မိုင်နှုန်း တိုက်ခတ်သည်။

## ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အရန်သားဖွားဆရာမ သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံ ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ကော့မှူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်သည်။ ဆက်လက်၍ ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်နှင်းသန္တာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေနှင့် ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားဆေး၊ အိုင်အိုဒင်းဆားနှင့် အာဟာရပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

## ဆေးတက္ကသိုလ်(၂)(ရန်ကုန်) (၁၉၈၃-၈၈) ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

၁၉၈၃-၈၈ ခုနှစ်တွင် ဆေးတက္ကသိုလ်(၂) (ရန်ကုန်)၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆရာကန်တော့ပွဲကျင်းပနိုင်ရေးအတွက် ဒေါက်တာနွယ်နီသန်း ဖုန်း-၀၉၅၀၁၈၈၉၂၊ ဒေါက်တာကိုကို ဖုန်း-၀၉၅၁ ၂၉၂၀၅၊ ဒေါက်တာချိုချိုခင် ဖုန်း-၀၉၅၀ ၅၆၃၈၄၊ ဒေါက်တာဝင်းထွန်း ဖုန်း-၀၉၅၀ ၁၆၃၅၄၊ ဒေါက်တာအေးဝင်းဆက် ဖုန်း-၀၁-၆၆၀၂၃၀၊ ဒေါက်တာဝင်းဆန်း ဖုန်း-၀၉-၆၈၁၈၆၉၈၊ ဒေါက်တာတင်ရတနာအောင် ဖုန်း-၀၉-၉၉၂၆၈၅၀၊ ဒေါက်တာရီရီမြင့် (နေပြည်တော်) ဖုန်း-၀၆၇-၄၀၃၁၇၀(ရုံး)၊ ဖုန်း-၀၆၇-၄၀၃၄၆၇ (အိမ်)၊ ဒေါက်တာကျော်သူ ဖုန်း-၀၉-၂၀၀၃၃၂၇၊ ဒေါက်တာ လှမြတ်နိုင် ဖုန်း-၀၂ ၃၅၉၉၂၊ ဒေါက်တာတင်ဌေး(မုဒုံ) ဖုန်း-၀၉-၅၃၂၁၄၆၃၊ ဒုတိယဗိုလ်မှူးကြီး ဝင်းထွန်းမြင့် (အောင်ပန်း) ဖုန်း-၀၃၄ ၃၇၀၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မူးယစ်ကင်းစင် အလှုဆင်


Computer & Languages
Glory Hope Education Centre
AUTO CAD (2D,3D)
-Basic CAD principle, Mastering usage of many commands
-Systematic 2D and 3D Drawing(Mech & Civil)
-Mastering solidediting, Aspect of Rendering
3ds MAX 2008
- Special engineering render Course
- Auto CAD 2008 (Architecture, Civil)
- 3ds max 2008 (Render, model, animation)
- 3ds max 2008 ကိုအသုံးပြု၍ အရည်အသွေးမြင့်မားသော အဆောက်အအုံ ပုံစံများရေးဆွဲသည့်အထူး သင်တန်းဖြစ်ပါသည်။
ချမ်းသာပလာဇာ(ဒုတိယထပ်)-ပုဇွန်တောင်ဈေးနှင့် စာတိုက်မှတ်တိုင်ကြား) PH: 098553046, 200086, 203436, Ext:2206,2214



အောက်တိုဘာလထုတ် Happy Time အမှတ်(၂)
ကလေးရုပ်စုံစာစောင်
နာမည်ကြီးကာတွန်းရုပ်ရှင်အင်္ဂလိပ်မြန်မာနှစ်ဘာသာဇာတ်လမ်းများ
ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ
ကလေးငယ်များအတွက်လူမှုရေးကျန်းမာရေးပညာပေးကာတွန်းများ
မြန်မာနိုင်ငံမှ နာမည်ကြီးကာတွန်း ပညာရှင်များ၏ ကာတွန်းများ
Parents' Guide
ကိုယ့်ကိုယ်ကို ရုံ့ကြောက်ကြီးမဖြစ်အောင် ကလေးကို ဘယ်လိုဆုံးမမလဲ
ရုပ်ပြမားကက်ကြီးများနှင့်ဆိုင်တိုင်းမှာရနိုင်ပါပြီ။
ထွက်ပြီ



ပိုက်တင်စိတ်ကူး၊ ပုံဖော်တင်ဆက်သည်။
အိပ်မက်များထဲ ထိမ်ဝှက်ထားဆဲ နှင်း ညို၊ ့
အချစ်ဝတ္ထုသစ်
မိုက်မိုက်ပြည့်
မျိုးဆွေမှန်သော အဖေမဲ့သောသည်
ဘဝသရုပ်ဖော်ရုပ်ပြ
အောင်နီမိတ်
မျက်နှာစိမ်းများ
အမြို့မြို့အနယ်နယ်ရှိ အရောင်းဆိုင်ကြီးများ အားလုံးတွင် ဝယ်ယူရရှိနိုင်ပါပြီ။
သုရဲကောင်း၊ စာပေတိုက်၊ ဖုန်း၊ ၀၉၅၀၅၉၅၇၁



သချာဦးအောင်သောင်း
သချာတစ်ဘာသာတည်း-သန့်သန့်
၂-တန်းမှ ၁၀တန်းထိ ကလေးများ
G.C.E နှင့် နိုင်ငံခြားသင်ရိုးသင်ကလေးတန်းများ
အမှတ်(၇၀)၊တတိယထပ်၊ ဗိုလ်ဆွန်ပက်လမ်း၊ရန်ကုန်မြို့
ဖုန်း - ၂၄၆၁၀၈၊ ၀၉-၅၁-၉၂၉၂



အမြန်ရောင်းမည်
တောင်ဒဂုံစက်မှုဇုန် (၁)
၁၂၀' × ၁၃၀' RC 1½ ၅၀' × ၁၀၀'
BN -1- 40' x 100' ရေမီးစုံ
သိန်း ၁၇၉၀
Ph - 096800559



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄-အေ၊ မြေကွက်အမှတ်-၁၁၊ ဧရိယာ ၀ ဒသမ ၉၉၃ ဧက၊ ဂရန်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၈)၊ နှင်းဆီလမ်း၊ အလုံမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်စန်းကြည် [၁၂/အလန(နိုင်)၀၂၀၀၆၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင် အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်ထွန်း** B.A,(Law), LL.B
**ဒေါ်ကြည်ကြည်ဌေး** B.A,(Law), LL.B

**တရားရုံးချုပ်ရှေ့နေများ**
**တိုက်(၁၁၅)၊ အခန်း(၆)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၅၅၆၈၁၂၊ ၀၉၅၀-၁၅၂၃၄၊ ၀၉၅၀-၃၁၂၃၄**


## ဂြိုဟ်တုဓာတ်ပုံနှင့် ကောင်းကင်ဓာတ်ပုံများ အသုံးချခြင်း သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ သင်ကြားပေးမည့် ဂြိုဟ်တုဓာတ်ပုံနှင့် ကောင်းကင် ဓာတ်ပုံ အသုံးချခြင်း ဘာသာရပ် (Remote Sensing Course) သင်တန်းကို တတိယအကြိမ်အဖြစ် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ e-Learning Center ၌ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ယင်းသင်တန်းကို အောက်တိုဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ သင်တန်းသား ၂၀ ဖြင့်သာ လက်ခံသင်ကြား ပို့ချမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)


### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်နေ ဗိုလ်မှူးကျော်သောင်း(ငြိမ်း)
(အမှတ်-၂၊ သံမဏိစက်ရုံ)-ဒေါ်ခင်ချိုဦးတို့၏ တစ်ဦးတည်းသောသား
**ဗိုလ်မှူးဇင်မင်းဦး B.Sc(D.S.A), M.E & Tech., Ph.D( MEPHI)**
နှင့်
ရှမ်းပြည်နယ်၊ လားရှိုးမြို့နေ ဦးသန်းဝေ (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏ တစ်ဦးတည်းသော သမီး
**မမြမဥ္ဇူဝေ A.G.T.I(M.P), B.Sc(Maths) (AA Medical Products., Ltd.)**
တို့သည် ၄-၉-၂၀၀၈ ရက်တွင် လားရှိုးမြို့နေအိမ်၌ နှစ်ဖက်မိဘဆွေမျိုး လူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဗိုလ်မှူးဇင်မင်းဦး-မမြမဥ္ဇူဝေ**



**သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်းမှအောက်ပါပစ္စည်းကို မြန်မာကျပ်ငွေ (kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (SealedTender)ကိုပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ဝယ်ယူမည့်ငွေ |
|---|---|---|---|---|
| 1. | 12(T)/MTE/Local/2008-2009 | Lubricants | 1.Lot | Kyats |

၂။ ချိပ်ပိတ်တင်ဒါပိတ်ရက်မှာ( ၃ . ၁၀ . ၂၀၀၈)နေ့ (၁၂ း ၀၀)နာရီဖြစ်ပြီး၊တင်ဒါပုံစံများ ကို (၁၈ . ၉. ၂၀၀၈)ရက်နေ့မှစ၍ ဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာဌာန၊မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)**
**ကမ်းနားလမ်းနှင့်အလုံလမ်းထောင့်အလုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၂၀၆၈၂၊၂၂၀၆၈၃**



မောင်ရေ

ဒို့နှစ်ယောက် ဝါကျွတ်ရင်
လက်ထပ်တော့မှာ အိမ်ကသိသွားတော့
ဆူလိုက်တာ မောင်ရယ်
အဲဒါနဲ့လေ မောင်တင်တောင်းမယ့်
ပစ္စည်းအကြောင်း ပြောလိုက်တော့မှပဲ
ဖိတ်စာရိုက်ဖို့ စီစဉ်တော့လို့ပြောတယ်
မောင်တင်တောင်းမှာ ***JASMINE PHYU*** က
စိန်တစ်ဆင်စာနော် ဟုတ်လား !

Jasmine Phyu
Gems & Jewellery Shop
အမှတ်(၅၆/အေ)၊ ကမ္ဘာအေးစေတီလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
(ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့)
ဖုန်း - ၉၅-၁-၆၆၁၇၆၂



ဆရာရန်ကြီးအောင်
ဆန်းကျမ်းနှင့် လက္ခဏာအတတ်
သင်အောင်မြင်ကျော်ကြားမှု မရသေးဘူးဆိုရင်၊အခက်အခဲပြဿနာများ ရှိနေဆဲ၊ ရင်ဆိုင်နေရဆဲဆိုရင်၊
အလုပ်အကိုင်ငွေကြေးကိစ္စများ၊ အဆင်မပြေသေးဘူးဆိုရင်၊ ဇနီး၊ခင်ပွန်း ပြဿနာကိစ္စများ၊ စက်ခဲနေသေးဆဲဆိုရင်၊
မိသားစု ကိစ္စများ၊ အိမ်ထောင်ရေးကိစ္စများ အဆင်မပြေသေးဘူးဆိုရင်၊ ဒါတွေအားလုံးဟာ၊ ဆရာကြီးနဲ့ မတွေ့ရသေးလို့ပါ။
သင့်ရဲ့လက်ဝါးကို (၁၅) မိနစ်မျှ တွေ့ခွင့်ပေးလိုက်စမ်းပါ။ (ကဲ - ဘာဖြစ်ချင်ပါသလဲ?၊ ဘာလုပ်ချင်သလဲ?)
**အထူး။** ရင်သွေးအမည်ပေး၊ ကုမ္ပဏီ၊ ဆိုင်၊ လုပ်ငန်း၊ တံဆိပ်၊ အမည်ပေးအမျိုးမျိုးတို့ကို အထူးဆောင်ရွက်ပေးပါသည်။
တွေ့ဆုံနိုင်ချိန် - နံနက် (၈း၃၀)မှ (၂း၃၀)နာရီအတွင်း (ဗုဒ္ဓဟူးနေ့တိုင်း အလုပ်နားသည်)
အမှတ်(၈၉)၊ ရွှေဘုံသာလမ်း(အောက်)၊ ရန်ကုန်မြို့ ဖုန်း-၃၈၇၈၆၄၊ ၀၉၈၀၃၄၇၉၉၊ ၀၉၅၁၈၃၃၁၅



### အမြန်အလိုရှိသည်

စပို့ရှပ်၊တီရှပ်၊'ကျား'ဝတ်၊ 'မ'ဝတ်၊ကလေးဝတ်အထည်များ ယူချုပ်လိုသော အထည်ချုပ်စက်ရုံများအနေဖြင့် အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် ။
မှတ်ချက် -မော်တာစက်နှင့်စက်ချုပ်အင်အားအနည်းဆုံး(၂၀) ရှိရပါမည်။
ဆက်သွယ်ရန်ဖုန်း: -0999 72414 , 0950 50371
0950 56821

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ(၁)**ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊(၁၉)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် **၁၈-၉-၂၀၀၈** ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး **၃-၁-၂၀၀၉** ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ။** နံနက် ၉ နာရီမှ ၁၁ နာရီအထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီအထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၄)**ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို **ဟိုပုန်းမြို့**(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။ အရည်အချင်း စစ်စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **(၂၈-၁-၂၀၀၉)မှ(၃၁-၁-၂၀၀၉)**ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၂၅၀၀ဝိ/-)၊ ဒုတိယနှစ်(၂၆၀၀ဝိ/-)ရရှိမည်။ သင်တန်းအောင်မြင် ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I (Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင် ရမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၃)ရှိ Grains & Manufacturing Co.,Ltd. ၏ ဦးကြူမိသားစုဂျုံစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာစက်မှုဇုန်ရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)ရှိ Yangon Transformer & Electrical Co.,Ltd. ၏ ရန်ကုန် ထရန်စဖော်မာစက်ရုံသို့ ရောက်ရှိသည်။**

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းက လုပ်ငန်းအမျိုးအစားအလိုက် ကုန်ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံများလည်ပတ်မှု အခြေအနေ၊ တည်ဆောက်ဆဲ စက်ရုံများအခြေအနေ၊ အလုပ်သမားအင်အား၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ လုပ်ငန်းလိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၂ သို့ ❍**

**ကြေးမုံ The Mirror ယနေ့ဆောင်းပါးအညွှန်း**

**လမ်းစဉ်(၇)ရပ်အတိုင်း ညီညီညွတ်ညွတ် လုပ်ကြရင် မကြာခင် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာမှာလည်း ယုံကြည်တယ်။**

**ကိုသာယာ၏ "လုပ်သင့်တာလုပ်မှ ဖြစ်သင့်တာဖြစ်မှာ"** (ဆောင်းပါး) စာမျက်နှာ-၆

**အာကာသ သိပ္ပံ အင်တာနက် သတင်း**

## ရှင်ကျိုး (၇) အာကာသခရီးစဉ် အာကာသအတွင်း လမ်းလျှောက်မှု တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**ပေကျင်း စက်တင်ဘာ ၁၇**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရှင်ကျိုးအာကာသယာဉ် တစ်စင်းကို လွှတ်တင်နေစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ တတိယမြောက် လူလိုက်ပါမည့် အာကာသခရီးစဉ်အတွက် အာကာသယာဉ်မှူး သုံးဦးတို့၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာလိုက်သည်။

အသက် (၄၂)နှစ် အရွယ်ရှိ တိုက်လေယာဉ်မှူး ကျိုင်ကျိကန်ကို တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသအတွင်းလမ်းလျှောက်မည့်သူအဖြစ် ရွေးချယ်ထားရာ ၎င်းသည် အာကာသယာဉ်မှူး လျူဘိုမင်း၊ ကျင်းဟိုင်ပန်းတို့နှင့်အတူ စက်တင်ဘာ ၂၅ရက် ဒေသစံတော်ချိန် ည ၉နာရီ ၁၀မိနစ်တွင် လွှတ်တင်မည့် ရှင်ကျိုး(၇) အာကာသယာဉ်နှင့် လိုက်ပါမည်ဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၆ သို့ ✻**



စက်တင်ဘာ ၁၄ရက် ညနေ ၅နာရီက ဘင်္ဂလားပင်လယ်အော် အနောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်အား ဂြိုဟ်တုမှ ဖမ်းယူထားစဉ်။ (ဓာတ်ပုံ-မိုးလေဝသ)

## မြန်မာနိုင်ငံ မိုးလွန်ကာလတွင် ဖြစ်တတ်သော ရာသီဥတု

သတင်းမှတ်တမ်း- တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-မိုးလေဝသ

ရန်ကုန် စက်တင်ဘာ ၁၇

**ယနေ့ ကမ္ဘာ့နိုင်ငံအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှုစသော ရာသီဥတုဖောက်ပြန်မှု သတင်းများကို နေ့စဉ် တွေ့မြင် ကြားသိနေရသည်။**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်သိရှိနိုင်ရန်နှင့် ယနေ့မိုးနှောင်းကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသအခြေအနေတို့ကို လေ့လာနိုင်ရန် ကြေးမုံသတင်းအဖွဲ့က စက်တင်ဘာ ၁၅ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်ကာ

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ✺**